## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ်နေ့
၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

## စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့်ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ–လွိုင်မွေလမ်း လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ ရောက်ရှိကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ★



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

နိုင်ငံတိုင်းတွင် လူငယ်များကိုစနစ်တကျပြုစုပျိုးထောင်ကာ နိုင်ငံ၏အနာဂတ်အတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးပြီး သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာနှင့်နည်းပညာကိုပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

ထို့ပြင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး Polytechnic Institute ကိုလည်း ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် Certificate ရရှိမည်ဖြစ်သည်။ နောက်ထပ်နှစ်နှစ်တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် Polytechnic University သို့ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများတက်ရောက်နိုင်သည့်စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ Polytechnic နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေး နယ်ပယ်နှင့်စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအား ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ် **"ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင်ပညာတတ်များပေါများကြွယ်ဝရန်မဖြစ်မနေလိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေရာခိုင်နှုန်းနည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကိုတွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်သို့ တက်ရောက်အောင်မြင်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ပေးထားသည်။ ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများအားနည်းချက်များရှိသဖြင့် ၎င်းတို့နှင့်နီးစပ်သည့်နေရာဒေသများအလိုက် နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင်ဆရာ၊ ဆရာမများအတွက် ရရှိသည့်ဘွဲ့လွန်နှင့် ဒီဂရီတို့ကိုမူတည်၍ ချီးမြှင့်ခြင်းများကိုဆောင်ရွက်ပေးထားသည်။ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သည့် သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်ပေရာ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ပညာလည်းတတ်ကျွမ်းပြီး အသိပညာအလိမ္မာနှင့်ပြည့်စုံသည့် လူငယ်မောင်မယ်များ ပေါ်ထွက်လာမှသာ မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုပါဝင်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ကလေးငယ်များအား ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားပေးနိုင်ရေးအတွက် မိဘများနှင့်ဆရာ၊ ဆရာမများပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများပိုမိုဖြစ်ပေါ်စေရေးအတွက် ပညာတတ်များပေါကြွယ်ဝအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ သင်ကြားပေးသည့်ဆရာ၊ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝရန်လိုအပ်မည်ဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်နိုင်မည်ဆိုပါက အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များသည်အဓိကကျသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ပညာတတ်ဟုဆိုရာတွင် မှန်ကန်သည့်အတွေးအခေါ်အယူအဆ ရှိနေရန်လိုအပ်သည်။ စာကောင်းပေကောင်းများဖတ်ရှုပြီး မိဘဆရာသမားများ၏အဆုံးအမများအတိုင်း လိုက်နာနေထိုင်ကြရမည်ဖြစ်သည်။ ပြောင်းလဲတိုးတက်နေသည့်ပညာခေတ်တွင် ပညာကိုတစိုက်မတ်မတ် ရှာဖွေသင်ယူရင်း မိမိတို့နေထိုင်သည့်ဒေသ၊ ထိုမှတစ်ဆင့် နိုင်ငံတော်၏ကောင်းကျိုးကိုသယ်ပိုးနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား မေ ၂၅

နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာနေနိုင်စေရေး ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားမှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဒေသအလိုက် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေလ ၂၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာရှိ ဓမ္မပါရဂူရေဦးကျောင်းတိုက်ဆွမ်းစားဆောင်၌ မြစ်ကြီးနားမြို့နယ် ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူးများက ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရာတွင် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ ခေတ္တဆေးရုံအုပ် တိုင်းရင်းဆေးမှူး ဒေါ်အေးအေးမြင့်က ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ၊ မီးဖိုချောင်မှ ဆေးဝါးဓာတ်စာများ၊ ကွင်းဆင်းကုသပေးနိုင်သည့် ရောဂါများအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးမှူးများက ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသည့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါ၊ လေငန်းလေဖြတ်ရောဂါ၊ နှာစေး၊ ခေါင်းကိုက်စသည့် အထွေထွေရောဂါများအား စမ်းသပ်စစ်ဆေးကုသပေးသည်။

ယင်းနောက် ဆရာတော်ဘဒ္ဒန္တရာဇိန္ဒကဆေးကုသမှုလာရောက်ခံယူသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၍ ဒေသခံပြည်သူများကို အာဟာရဒါနထမင်း၊ ဟင်းများကျွေးမွေးကြောင်း သိရသည်။

(၄၀၃)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၆-၅-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



ရန်ကုန် မေ ၂၅

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong သည် ၂၀၂၅ ခုနှစ် မေလ ၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သီရိမင်္ဂလာလမ်း လမ်းသွယ်(၁) အမှတ် ၄၀(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံသံရုံးသို့ သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Mr. Tran Duc Luong သည် ဗီယက်နမ်နိုင်ငံ၏သမ္မတအဖြစ် ၁၉၉၇ ခုနှစ် စက်တင်ဘာလမှ ၂၀၀၆ ခုနှစ် ဇွန်လအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၈) နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၃၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် မေ ၂၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၃၉၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင်မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရတင်သွင်းနေသည့်စားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်းတစ်ပိဿာလက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါ ငါးလတာကာလအတွင်း ငွေကျပ် ၈၉၀ ကျဆင်းလာကြောင်း သိရသည်။ မြဝတီ**

# ပြည်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၅

ပဲခူးတိုင်းဒေသကြီးပြည်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၀ | ၂၉၈၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၉၅ | ၃၀၁၅ | ၃၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၉၅ | ၄၅၆၀ | ၃၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### တရားနှင့် မွေ့လျော်သောအပိုင်း

ကျွန်ုပ်သည် လခမပျက် ခွင့်တစ်လရသည်နှင့် အထက်မြန်မာပြည်သို့တက်လာပြီးလျှင် မန်ကျည်းတိုရွာ၌ မိဘများနှင့်အတူ တရားဓမ္မဆွေးနွေးကာ ရက်သတ္တနှစ်ပတ်ခန့်နေထိုင်၏။ ထိုအချိန်သည်ကား ကျွန်ုပ်အဖို့ ပျော်ပါးမှုရပ်တန့်သော ကာလအပိုင်းအခြားပေတည်း။ တရားဓမ္မကို နှလုံးသွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကြောင့် ခံစားရသည့် စိတ်၏ကြည်လင်ငြိမ်းချမ်းမှုသည် ပီမိုးနင်း၊ ကိုသိန်းဖေ၊ ကိုခင်မောင်တင့်တည်းဟူသော မိတ်ဆွေများနှင့်အတူ ပျော်ပါးရခြင်းထက် မွန်မြတ်သည်ဆိုခြင်းကို ကျွန်ုပ်ထက်သိရှိနားလည်သူ ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ်အဖို့ကား အတွေးမဟုတ်၊ လက်တွေ့ဖြစ်၏။ သို့ရာတွင် လူ့ဘောင်၌ သားမယားနှင့် အတူနေ၍ ကိုယ့်ဝမ်းစာကို ကိုယ်ရှာစားသောက်ရသော လူတစ်ယောက်အဖို့တွင် တရားဓမ္မနှင့်ချည်းနေ၍ မဖြစ်နိုင်ခြင်းကိုလည်း တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့၌ မဖြစ်နိုင်ခြင်းကိုတွေ့ရ၏။ ကျွန်ုပ်ကား မနုဿလူသားအဖြစ်နှင့် သိသင့်သိထိုက်သောအခြင်းအရာများကို သိအောင်ကြိုးစား၍ သိတန်သလောက်လည်း သိခဲ့ရပြီးပါပြီ။ သို့ရာတွင် 'ကောင်းကောင်းနေလျှင် တော်ရောပေါ့' ဟု ထင်မြင်ယူဆသူတစ်ယောက်ကားမဟုတ်ချေ။ 'ကောင်းကောင်းနေပါသည်' ဆိုသော်လည်း ဗုဒ္ဓဘာသာကို လေးနက်စွာယုံကြည်သူတစ်ယောက်အဖို့ရာ၌ သိသင့်သိထိုက်သောအခြင်းအရာကို သိအောင်မကြိုးစားလျှင် လုံလောက်သည်မဟုတ်ချေ။ 'ကောင်းကောင်းနေပါသည်' ဆိုခြင်းသည် သီယိုဆိုဖီ သမားတစ်ယောက်အဖို့၌ ဟုတ်ပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟူ၍ ဝန်ခံပါလျှင် ဤမျှနှင့်မလုံလောက်သေးဟူ၍ နားလည်သင့်ကြသည်။ ပွဲလမ်းသဘင်အပျော်အပါးမလိုက်၊ ရုံဖန် ဥပုသ်စောင့်၊ ပုတီးစိပ်နေရုံမျှနှင့် သိသင့်သိထိုက်သောအရာကိုသိရချေပြီဟု အဘယ်မှာဆိုနိုင်ပါအံ့နည်း။ ဗုဒ္ဓ၏နက်နဲလှသည်ဆိုသောတရားသည် အဘယ်မှာနည်း၊ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိဘများနှင့်အတူနေထိုင်ဆွေးနွေးရခြင်း၏ ငြိမ်းချမ်းမှုအရသာကို ကျေနပ်သော်လည်း ဝမ်းစာရှာဖွေစားသောက်ရသော လူတစ်ယောက်အဖို့၌ ဤလိုချည်းနေ၍မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုသိန်းဖေရှိရာ ကသာမြို့သို့ ထွက်ခွာခဲ့လေ၏။



ကိုသိန်းဖေသည် အလုပ်မှ နှစ်မစေ့မီ ပင်စင်ယူလိုက်ရကတည်းက ကသာမြို့နှင့် တစ်မိုင်ခန့်ကွာသည့် ဇရစ်ချောင်ရွာကလေး၌ အိမ်ဆောက်ပြီးနောက် ကျွန်ုပ်အား အလည်အပတ်ခေါ်လျက်ရှိရာ ယခုမှပင် ရောက်ရပါတော့သည်။ ပေ ၂၅၀ ပတ်လည်ခန့်ရှိသည့် ခြံကြီးထဲတွင် လေးခန်းပတ်လည်ရှိသော အိမ်တစ်လုံးဆောက်၍ အိမ်ထောင်ပစ္စည်းအတော်ကောင်းကောင်းနှင့် သပ်သပ်ရပ်ရပ်နေထိုင်လျက်ရှိ၏။ (ကျွန်ုပ်၏ အတွေ့အကြုံတစ်ခုကို ဖော်ပြရသော် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းယုံကြည်သည့် မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များထက် ဝင်ငွေအဆင့်အတန်းတူခဲ့လျှင် အနေအထိုင်သပ်ရပ်ကြပါပေသည်။) ကိုသိန်းဖေမှာ သူ၏မိဘလက်ထက်ကတည်းက ခရစ်ယာန်ဖြစ်ခဲ့သဖြင့် တောအုပ်ရာထူးချင်းတူလျှင် ပို၍သပ်ရပ်သည်ကိုတွေ့ရ၏။ သို့သော် ကိုသိန်းဖေသည် ဗုဒ္ဓ၏တရားတော်အကြောင်းကို မဟုတ်ဘဲ သဘာဝဓမ္မအကြောင်းကို ကျွန်ုပ်နှင့် ဆွေးနွေးရဖန်များသည်နှင့် ဗုဒ္ဓ၏တရားတော်ကို အတော်ကြီးသက်ဝင်ယုံကြည်လျက်ရှိလေပြီ။ သို့ရာတွင် ယုံမှားသံသယကင်းသည်ဟူ၍ကား မဆိုနိုင်သေးပါ။ ဥပမာ-ကျွန်ုပ်နှင့် တမလွန်ဘဝအကြောင်း၊ ဖန်ဆင်းသည်ဆိုသော ထာဝရဘုရားအကြောင်းစသည်များကို ဆွေးနွေးလျက်ရှိစဉ် သူက 'ဖန်ဆင်းတယ်ဆိုတာတော့ ကျုပ်က သိပ်ပြီးမကြိုက်ဘူးဗျ၊ သို့သော် တစ်ခါတလေတော့လည်း ဖန်ဆင်းသူမရှိဘူးလို့လက်ခံထားပြီး မတော်တဆရှိနေရင်တော့ ကိုယ်ကျိုးနည်းမှာကိုလည်း ကြောက်မိတယ်ဗျ' ဟု ပြောရှာလေသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မည်သည့်ဘာသာကိုးကွယ်သည်ဖြစ်စေ၊ ငယ်ကတည်းက 'ရိုက်သွင်း' ထားသည့် အယူအဆတစ်ခုကို ထိုးဖောက်တွန်းလှန်ရန်မှာ 'မတစ်ထောင်တစ်ကောင်ဖွား' ဆိုထိုက်သူများ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကိုယ်ပိုင်ဉာဏ်ဖြင့် အထူးတလည်ထပ်ဆင့်လေ့လာစူးစမ်းခြင်းမရှိဘဲ မိရိုးဖလာအတိုင်း လက်ခံယုံကြည်ထားသူများအား မည်မျှလောက်သူတော်ကောင်းလှပါသည်ဆိုစေ ဘာသာရေးအနေဖြင့် ကျွန်ုပ်အထင်မကြီးလှချေ။

### ပြန်လည်တွေ့ဆုံခြင်း

ကသာဘူတာရုံနှင့် ဇရစ်ချောင်ရွာကလေးမှာ တစ်မိုင်ခန့်ကွာလှမ်း၍ ရထားသည် ည ၈ နာရီခန့်တွင် ဆိုက်လေရာ ကိုသိန်းဖေသည် သူ၏အိမ်မှ လှည်းတစ်စီးဖြင့် စောင့်ကြိုလျက်ရှိ၏။ အိမ်သို့ဆိုက်ကြသောအခါ သူ၏ခြံဝင်းကြီးကို လက်နှိပ်ဓာတ်မီးဖြင့်လိုက်ပြ၍ အတော်ညောင်းကြသောအခါမှ ညစာစားဖို့ ပြင်ဆင်ကြ၏။ ထမင်းခူးကြစဉ် ကိုသိန်းဖေက 'ခင်ဗျားတို့အဖို့ ဟင်းဆန်းတစ်ခွက်ချက်ထားတယ်ဗျ။ စားကြည့်ပြီး ပြောစမ်း'ဟု ဆို၏။

"ဘာဟင်းများလဲဗျ"

"မပြောဘူးလေဗျာ၊ ခင်ဗျားက လျှာဝိဇ္ဇာဆို၊ စားကြည့်ပြီး ပြောစမ်းဗျာ"

"ဒီပြင်ကောဗျာ"

"ချေတစ်ကောင် ပစ်ရလို့ ဝမ်းတွင်းသားချက်ထားတယ်ဗျ"

"ချေသား မစားရတာကြာပြီဗျာ၊ ကောင်းလိမ့်မယ်ဗျို့"

"မဖူးညို့က ခင်ဗျားတို့အကြိုက် ချက်ထားတယ်"

"ဒီပြင်ကောဗျ"

"တောကြက်တစ်ကောင် ရိုးစ်လုပ်ထားတယ်ဗျ၊ ဒေါင်းတောင် ပစ်ခိုင်းသေးတယ်၊ မရခဲ့ဘူးဗျို့"

"ရှိပါစေတော့ဗျာ၊ ဒေါင်းက ဒေါင်းသားစားရင် ဇာတ်တူသားစားတယ်လို့ ပြောနေကြပါဦးမယ်၊ ဒီပြင်ကောဗျာ"

"ကျုပ်က ခင်ဗျားရောက်လာရင် မသောက်ကြပါဘူးလို့ ပဋိညာဉ်ပေးထားတာ၊ ဒီတစ်ခါတည်းပါဆိုပြီး ဘီယာလေးလုံးဝယ်ထားတယ်ဗျ"

"သာဓုပါဗျာ"

### ထူးဆန်းသော အသားတစ်မျိုး

ထမင်းပွဲ၌ ထိုင်ကြသောအခါ ကိုသိန်းဖေသည် ဟင်းတစ်ခွက်ကို ကျွန်ုပ်ဘက်သို့တွန်းပို့၍ 'ဒါဘာလဲဗျ ပြောစမ်း'ဟု ဆို၏။ ကျွန်ုပ်သည် ဟင်းပန်းကန်ကို မွှောက်၍ ဟင်းဖတ်များကို သေချာစွာကြည့်ရာ အသား၊ အဆီ၊ အခေါက် တစ်လွှာစီရှိသော ဟင်းတုံးများကိုမြင်ရ၏။ တစ်တုံးကိုမြည်းကြည့်သောအခါ လေးလေးပင်ပင်ချိုသည်ကိုတွေ့ရ၏။ သို့သော် ဝက်သားနံ့မဟုတ်ခြင်းကိုကား ကျွန်ုပ်သိသည်။

သုံးထပ်သားဆိုလျှင် ဝက်သားမျှလောက်ကိုသာ စားဖူးသော ကျွန်ုပ်အဖို့မှာ မတွေးတတ်ဘဲ အကျပ်ရိုက်လျက်ရှိလေပြီ။

"ကိုင်းဗျာ၊ ပန်းပေးပါပြီဗျာ၊ ဖော်ပါတော့"

"ငှါပန်း နတ်ပြည်ရောက်၊ သူ့ပန်း ချေးတောထဲရောက်"

(ကျွန်ုပ်တို့မှာ ဘီယာကလေးတစ်လုံးစီဝင်၍ အူရွှင်လျက်ရှိကြလေပြီ။)

"နေဦးဗျို့ လိပ်သားများလားဗျာ ချေးတောထဲတော့ အရောက်မခံနိုင်ဘူး ကြိုးစားဖော်ဦးမယ်"

"မဟုတ်ဘူးဗျ"

"ငါးထွေသားလားဗျာ"

"မဟုတ်ဘူးဗျ"

"ဖွတ်သားဗျာ"

"မဟုတ်ဘူးဗျ၊ နီးတော့နီးလာပြီဗျို့"

"ကြောင်သားဗျာ"

"သာပြီး နီးလာပြီဗျို့၊ ကြာကြာနေ မှန်သွားရော့မယ်၊ ကျားမင်းသားဗျ"

"အလို ကျားမင်းလို့ရှိသလား၊ ဘယ်မှာလဲဗျ၊ သားရေဆုတ်မထားဘူးလား၊ ကြည့်ချင်တယ်ဗျ"

"သားရေဆုတ်မယူဘူးဗျ၊ ဟင်းထဲမှာ အခေါက်ဖြစ်သွားပြီ၊ မတွေ့ဘူးလား"

(ဤစာကိုရေးရင်း တပည့်သော်တာဆွေကို သတိရမိသည်။) **ဆက်လက်ဖော်ပြပါမည်။**

---

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

သထုံ မေ ၂၅


မွန်ပြည်နယ် သထုံမြို့နယ်၌ လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး မေလ ၂၄ ရက်က ပေါ်တော်မူကျေးရွာရှိ လူငယ်အလင်းရောင်စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ရှေးဦးစွာ လူငယ်အလင်းရောင်စာကြည့်တိုက်တာဝန်ခံ ဒေါ်သန်းသန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရေးနှင့် ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့်စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာစောင်များ၊ လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အဦများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၁) ဂိတ်အဝင်ကြိုးတံတားအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❐ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန်လို . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော် အဆောက်အဦ များအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦများတွင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အဦများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁)ဂိတ်အဝင်ကြိုးတံတားနှင့် မုခ်ဦး၊ ပြည်ထောင်စုလွှတ်တော်အဆောက်အဦ၊ ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ဇမ္ဗူသီရိခန်းမဆောင်နှင့် အမျိုးသားလွှတ်တော်အဆောက်အဦတို့ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်** **စာမျက်နှာ ၆ သို့ ⇨**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်  လွှတ်တော်အဆောက်အဦများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အဦများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



⇨ စာမျက်နှာ ၅ မှအဆက်

**လွှတ်တော်အဆောက်အဦများအား စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့်   ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန်လို**ကြောင်း၊  ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့်  အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ
ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အဦများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ
ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍
တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး သဘာဝပိုးပြေးဆေးပြုလုပ်သုံးစွဲပေး

**သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးမွှားရောဂါများမကျရောက်အောင် ကြိုတင်ကာကွယ်ရေးသည် အထူးအရေးကြီးလှသည်။ ပိုးမွှားရောဂါကင်းပါမှ သီးနှံများအထွက်နှုန်းကောင်းမှာဖြစ်သလို အရည်အသွေးလည်းကောင်းမှာဖြစ်သည်။ ထို့ကြောင့် တောင်သူဦးကြီးများ၏ သီးနှံစိုက်ခင်းများ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးအတွက် သဘာဝပိုးပြေးဆေးများ ပြုလုပ်သုံးစွဲသင့်သည်။**

**သဘာဝပိုးပြေးဆေးဆိုသည်မှာ ဖျက်ပိုးတစ်မျိုးတည်းကိုသာ ဦးတည်တိုက်ခိုက်သည့် ဓာတုပိုးသတ်ဆေးကဲ့သို့မဟုတ်ဘဲ ပိုးမွှားရောဂါများကို ကာကွယ်ဟန့်တားနိုင်သည့် အာနိသင်များရှိသည်။ ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ကာ သီးနှံများတွင် ဓာတုဓာတ်ကြွင်းများပါသွားပြီး စားသုံးသည့်အခါ ဘေးအန္တရာယ်များဖြစ်နိုင်သည်။**

**“သဘာဝပိုးပြေးဆေးကို တောင်သူကြီးများဖျော်စပ်သုံးစွဲခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများမှာ တစ်ကေကုန်ကျစရိတ်သက်သာခြင်း၊ တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိခြင်း၊ ဓာတုဆေးများကဲ့သို့ လူနှင့်တိရစ္ဆာန်များအပေါ် အဆိပ်အတောက်မဖြစ်ခြင်း၊ သီးနှံများ၏ အရည်အသွေးတိုးတက်ကောင်းမွန်ခြင်း၊ သဘာဝဂေဟစနစ်ကောင်းမွန်လာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်...”**

ထို့ကြောင့် တောင်သူများ၏ပတ်ဝန်းကျင်အနီးတွင် အလွယ်တကူရရှိနိုင်သည့်ပစ္စည်းများကိုအသုံးပြု၍ သဘာဝပိုးပြေးဆေး ပြုလုပ်သုံးစွဲရာတွင် လိုအပ်သည့်ပစ္စည်းများမှာ ကြက်သွန်ဖြူ ၁ ပိဿာ၊ ချင်းတက် ၁ ပိဿာ၊ ငရုတ်သီးစိမ်း ၁ ပိဿာ၊ တမာရွက် ၁ ပိဿာ၊ ဆင်တုံးမနွယ် ၁ ပိဿာ၊ ဆေးရွက်ကြီး ၁ ပိဿာ၊ အီးအမ်ဖျော်ရည် ၁ လီတာ၊ တင်လဲရည် ၂ လီတာ၊ ဒုတ္တာ ၂၅ ကျပ်သား၊ ရေ ၁၀၀ လီတာ၊ ရာဝင်စဉ့်အိုးကြီးတစ်လုံး သို့မဟုတ် ပလတ်စတစ်ပုံးကြီး တစ်ပုံးတို့ဖြစ်သည်။



လိုအပ်သည်များ စုဆောင်းပြီးပါက ဦးစွာ ကြက်သွန်ဖြူ၊ ချင်းတက်၊ ငရုတ်သီးစိမ်းများကို ကြေညက်အောင်ထောင်းပါ။ သို့မဟုတ် ကြိတ်စက်ဖြင့်လည်း ကြိတ်နိုင်သည်။ ပြီးပါက တမာရွက်နှင့် ဆင်တုံးမနွယ်ကို ဓားဖြင့်နုပ်နုပ်စဉ်းပါ။ ဆေးရွက်ကြီးကို ကြေညက်အောင်ခြေပေးရမည်။ ထိုသို့ဆောင်ရွက်ပြီးပါက ရာဝင်စဉ့်အိုးကြီး သို့မဟုတ် အဖုံးပါပလတ်စတစ်ပုံးကြီးတွင် ပြင်ဆင်ပြီးသွားသော ကြက်သွန်ဖြူ၊ ချင်းတက်၊ ငရုတ်သီးစိမ်း၊ တမာရွက်၊ ဆင်တုံးမနွယ်နှင့် ဆေးရွက်ကြီးတို့ကို စုပေါင်း၍ထည့်ပေးရသည်။ ထို့နောက် ဒုတ္တာ၊ တင်လဲရည်နှင့် အီးအမ်ဖျော်ရည်တို့ကိုထပ်ထည့်ပေးပြီး ရေ ၁၀၀ လီတာထည့်ကာ တုတ်ဖြင့်နှံ့စပ်အောင် မွှေပေးရမည်။ ပြီးပါက သဘာဝပိုးပြေးဆေးစဉ့်အိုးကို လေလုံအောင် ပိတ်ပေးရမည်။ သဘာဝပိုးပြေးဆေးအိုးကို တစ်ရက်ခြားမွှေပေးရပြီး အဖုံးကို လေလုံအောင်ပြန်ဖုံးပေးရသည်။ ၁၀ ရက်မှ ၁၅ ရက်ခန့်ကြာသောအခါ အဖတ်များကိုဆယ်ယူပြီး ဆေးရည်ကို ရေစစ်ဖြင့် စစ်ယူ၍ လေလုံသော ပလတ်စတစ်ပုံးများတွင်ထည့်ကာ အဖုံးပြန်ပိတ်ထားရသည်။

သီးနှံများတွင်ပက်ဖျန်းမည်ဆိုပါက ဆေးဖျန်းပုံးတစ်ပုံးလျှင် သဘာဝပိုးပြေးဆေး တစ်လီတာနှုန်းထည့်ပြီး တစ်ကေလျှင် ဆေးဖျန်းပုံးငါးပုံးပက်ဖျန်းရန်အတွက် သဘာဝပိုးပြေးဆေးငါးလီတာကိုသာ သုံးစွဲရသည်။

သီးနှံပင်များကို ၁၄ ရက်သားမှ စတင်ဖျန်းပေးနိုင်ပြီး ခုနစ်ရက် သို့မဟုတ် ၁၀ ရက်ခြားတစ်ကြိမ် သီးနှံပင်သက်တမ်းတစ်လျှောက် ပုံမှန်ပက်ဖျန်းပေးပါက ပိုးမွှားရောဂါကျရောက်မှုမှ ကြိုတင်ကာကွယ်နိုင်သည်။

သဘာဝပိုးပြေးဆေးကို တောင်သူကြီးများ ဖျော်စပ်သုံးစွဲခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများမှာ တစ်ကေ ကုန်ကျစရိတ်သက်သာခြင်း၊ တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိခြင်း၊ ဓာတုဆေးများကဲ့သို့ လူနှင့်တိရစ္ဆာန်များအပေါ် အဆိပ်အတောက်မဖြစ်ခြင်း၊ သီးနှံများ၏အရည်အသွေးတိုးတက်ကောင်းမွန်ခြင်း၊ သဘာဝဂေဟစနစ်ကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

တောင်သူလယ်သမားအများစုသည် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်လာမှ ဓာတုပိုးသတ်ဆေးများကို ဝယ်ယူသုံးစွဲမည့်အစား သဘာဝပိုးပြေးဆေးများကိုပြုလုပ်ထားရှိပြီး သီးနှံပင်သက်တမ်းတစ်လျှောက် ပုံမှန်ပက်ဖျန်းပေးပါက ပိုးမွှားရောဂါများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ သဘာဝပိုးပြေးဆေး တစ်အိုးကုန်ကျစရိတ်မှာ ငွေကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ ခန့်သာကုန်ကျပြီး ဆေးတစ်လီတာလျှင် ငွေကျပ် ၅၀၀ မှ ၆၀၀ သာ ကုန်ကျသဖြင့် တောင်သူကြီးများ မဖြစ်မနေ ပြုလုပ်သုံးစွဲသင့်သည်။ ဆေးရည်စစ်ယူပြီး ကျန်ရှိသည့် စစ်ဖတ်များကိုလည်း စိုက်ခင်းပတ်လည်တွင်ချပေးခြင်းဖြင့် ကြွက်များမလာအောင် ကာကွယ်တားဆီးနိုင်သည်။

သို့ဖြစ်ပါ၍ ဓာတုဆေးများကဲ့သို့ ပြင်းထန်သော ထိသေ၊ စားသေ အဆိပ်အာနိသင်မျိုးမဟုတ်ဘဲ ဖျက်ပိုးများ မကြိုက်နှစ်သက်သည့် အနံ့အရသာများနှင့် ပက်ဖျန်းထားခြင်းဖြစ်၍ ပိုးမွှားများ မလာရောက်နိုင်သည့် သဘာဝပိုးပြေးဆေးများကို တောင်သူတိုင်းသုံးစွဲကြခြင်းဖြင့် သီးနှံဖျက်ပိုးမွှားအန္တရာယ်များမှ ကင်းလွတ်နိုင်ပါသဖြင့် ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ရေး သဘာဝပိုးပြေးဆေးများ ပြုလုပ်သုံးစွဲပေးသင့်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

**မြတ်ခင်ခင်၊ စစ်ကိုင်း DOA**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သွေးချိုဆီးချိုရောဂါနှင့် ဘူဖေးကိုကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်နည်း

အားလပ်ရက်များတွင် မိတ်ဆွေသူငယ်ချင်း၊ မိသားစုများနှင့် စားသောက်ဖွယ်ရာများကို စုဝေးစားသောက်ခြင်းသည် စိတ်ခံစားချက်ကိုမြှင့်တင်ပေးနိုင်ပြီး ခန္ဓာကိုယ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသည်။ အပြုသဘောဆောင်သောဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခြင်းနှင့် အစားအစာရွေးချယ်စားသောက်မှုအရသာသည် ပျော်ရွှင်သောဟော်မုန်းများကိုထွက်စေသဖြင့် လူတို့ကို ပိုမိုပျော်ရွှင်ကျန်းမာသောဘဝနှင့် အသက်ပိုရှည်အောင်ကူညီပေးနိုင်သည်ကိုတွေ့ရှိခဲ့သည်။ ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၌ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအပေါ်မူတည်၍ ဘူဖေးအမျိုးမျိုးပေါ်ပေါက်လျက်ရှိရာ မြန်မာနိုင်ငံ၌လည်း ဘူဖေးစားသောက်ခြင်းမှာခေတ်စားလာသည်။ ဘူဖေးစားသောက်ခြင်းသည် ဟင်းပွဲမျိုးစုံ၊ အချိုပွဲမျိုးစုံကို မည်မျှစားသည်ဖြစ်စေ ပုံမှန်သတ်မှတ်ထားသောဈေးနှုန်းဖြင့် စားနိုင်သမျှစား၍ရသောအစားအသောက်အစီအစဉ်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်မညီညွတ်သော်လည်း ပျော်စရာနည်းလမ်းတစ်ခုဖြစ်သည်။ သို့သော် သွေးချိုဆီးချိုရောဂါရှိသူများအတွက် ဘူဖေးစားသောက်ခြင်းသည် အထူးစိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်ပါသည်။

သို့ရာတွင် သွေးချိုဆီးချိုရောဂါရှိသူများသည် ကြိုတင်စီစဉ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်ဖွယ်ရာများကို ရွေးချယ်ခြင်းနှင့် အစားအစာများ၏ အရွယ်အစားပမာဏကို ကြည့်ရှုခြင်းဖြင့် ဘူဖေးအရသာကို ကောင်းစွာခံစားနိုင်ပြီး စိတ်ပျော်ရွှင်မှုကိုရရှိနိုင်ပါသည်။ ဖော်ပြပါ ဘူဖေးအကြံပြုချက်များကိုအသုံးပြုပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ပညာရှိစွာ ရွေးချယ်နိုင်ပါသည်။

**အထွေထွေအကြံပြုချက်များ**

ဘူဖေးစားသောက်ရန်မသွားမီ မည်သည့်အစားအစာများကိုစားမည်၊ မည်သည့်အစားအစာများကိုရှောင်မည်၊ မည်သည့်အစားအစာများကို ကန့်သတ်လိုသည်ကို ကြိုတင်စဉ်းစားထားပါ။ ကိုယ်တိုင်မရွေးချယ်မီ ဘူဖေးတွင် ခင်းကျင်းထားသော စားစရာများအားလုံးကိုစစ်ဆေးပါ။ ကာဗိုဟိုက်ဒရိတ်နည်း သို့မဟုတ် ကာဗိုဟိုက်ဒရိတ်မပါဝင်သောဟင်းလျာများကိုရှာဖွေပါ။ ထို့နောက် ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များနှင့်အတူ အကြိုက်ဆုံးဟင်းပွဲတစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပါ သို့မဟုတ် ဟင်းအနည်းငယ်ကိုသာ ရွေးချယ်ပါ။ ပန်းကန်အများစုကို ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်များဖြင့် ဖြည့်ပါ။ အဆီများသောအစားအစာများ၊ ကြော်ထားသောအစားအစာများ၊ ဘေကွန်၊ ဝက်သားနှင့်ချိစ်ပါသောအစားအစာများ၊ ချိုသော၊ ငန်သောအစားအစာများ၊ အချိုပွဲများကို အနည်းငယ်သာစားသုံးပါ သို့မဟုတ် ရှောင်ကြဉ်ပါ။ အရေပြားမပါသောအသား၊ ကြက် သို့မဟုတ် ငါးကို ရွေးပါ။ ထောပတ်သီး၊ ကီဝီသီး၊ သဘော်သီး၊ စတော်ဘယ်ရီနှင့် ဖရဲသီးကဲ့သို့သော ကယ်လိုရီပါဝင်မှုနည်း၍ လတ်ဆတ်သောအသီးအနှံများကိုရွေးချယ်ပါ။ ရေ၊ သကြားမပါသော ဖျော်ရည်များ၊ အချိုမပါသော လက်ဖက်ရည် သို့မဟုတ် ကော်ဖီ သို့မဟုတ် အသီးဖျော်ရည်သောက်ပါ။ ဖြစ်နိုင်ပါက အဆီနည်းသော အဓိကဟင်းလျာများကိုစားပါ။ အကယ်၍ အရက်သောက်သုံးပါက အမျိုးသမီးဖြစ်လျှင် တစ်နေ့တစ်ယူနစ်ထက်ပို၍မသောက်ပါနှင့်၊ အမျိုးသားဖြစ်လျှင် တစ်နေ့နှစ်ယူနစ်ထက်ပိုမသောက်ပါနှင့်။ သောက်နေသောသွေးချိုကျဆေးများကိုချိန်ညှိပါ။ အင်ဆူလင်ထိုးသူများ ဆေးပမာဏကို ချိန်ညှိရန်စဉ်းစားပါ။ ဘူဖေးစားသောနေ့တွင် အစာစားပြီး နှစ်နာရီအကြာ သွေးတွင်းသကြားဓာတ်ကို တိုင်းတာရန်နှင့် နောက်နေ့နံနက်ခင်းအစာမစားမီ သွေးတွင်းသကြားဓာတ်ကို စစ်ဆေးရန်လိုအပ်ပါသည်။ အစာစားပြီးနောက် လမ်းလျှောက်ခြင်းပင်လျှင် သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိပေးပြီး ကိုယ်အလေးချိန်အလွန်အကျွံတက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

> **"အာဟာရပညာရှင်များက ဘူဖေးမစားခင် ကျန်းမာရေးနှင့်ညီညွတ်သောသရေစာစားရန်အကြံပြုထားသည်။ ကယ်လိုရီနည်းသော အသီးအနှံများ၊ ဂျုံလုံးပေါင်မုန့်တစ်ချပ်၊ သခွားသီးချောင်းများ သို့မဟုတ် ဆားမပါသောအခွံမာသီးများကဲ့သို့သော ရွေးချယ်မှုများသည် သွေးတွင်းသကြားဓာတ်ကိုမမြင့်တက်စေဘဲ အလွန်အကျွံစားသုံးခြင်းကိုရှောင်ရှားရန် ကူညီပေးနိုင်ပါသည်။ ဦးနှောက်က ပြည့်နေကြောင်း အချက်ပြရန် မိနစ် ၂၀ ခန့်လိုအပ်သဖြင့် အစာကိုဖြည်းဖြည်းဝါးပြီး ဝါးတိုင်းအရသာခံပါ။ ထို့ပြင် အစားအစာများကို အာရုံစိုက်မည့်အစား မိသားစုနှင့်သူငယ်ချင်းများ၊ ချစ်ခင်ရသူများကိုအာရုံစိုက်ပါ. . ."**

သွေးချိုဆီးချိုရောဂါရှိသူများအတွက် ပန်းကန်ပြား အခြေပြုပြင်ဆင်စားသောက်မှုအစီအစဉ်သည် ရိုးရှင်းပြီး တစ်ဦးချင်းစီအတွက်လိုအပ်သည့် ကာဗိုဟိုက်ဒရိတ်နှင့် အာဟာရဓာတ်များ၏ အမျိုးအစားနှင့် ပမာဏကို ခန့်မှန်းတွက်ချက်၍ တစ်ဦးချင်းစိတ်ကြိုက် ပြင်ဆင်စားသောက်နိုင်ပါသည်။ ရိုးရှင်းသော ၉ လက်မ ပန်းကန်တွင် အစားအစာများကို ခွဲဝေပုံမှာ အဆီမပါသော ဟင်းသီးဟင်းရွက်များအတွက် ပန်းကန်တစ်ဝက်၊ ပရိုတင်းအတွက် ပန်းကန်၏ လေးပုံတစ်ပုံ၊ ကာဗိုဟိုက်ဒရိတ်အတွက် ပန်းကန်၏ လေးပုံတစ်ပုံထည့်ရန်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်ဦးစားပေးမှုများအပေါ် အခြေခံ၍ တချို့သောအစားအစာများကို လျှော့ချခြင်း သို့မဟုတ် ကန့်သတ်ခြင်းဖြင့် စားသောက်ခြင်း၏ ပျော်ရွှင်မှုကို ထိန်းသိမ်းရန်၊ ကျန်းမာသောစားသောက်မှုပုံစံများဖန်တီးရန် အကြံပြုချက်များရှိပါသည်။

အာဟာရပညာရှင်များက ဘူဖေးမစားခင် ကျန်းမာရေးနှင့်ညီညွတ်သောသရေစာစားရန် အကြံပြုထားသည်။ ကယ်လိုရီနည်းသော အသီးအနှံများ၊ ဂျုံလုံးပေါင်မုန့်တစ်ချပ်၊ သခွားသီးချောင်းများ သို့မဟုတ် ဆားမပါသော အခွံမာသီးများကဲ့သို့သော ရွေးချယ်မှုများသည် သွေးတွင်းသကြားဓာတ်ကို မမြင့်တက်စေဘဲ အလွန်အကျွံစားသုံးခြင်းကို ရှောင်ရှားရန် ကူညီပေးနိုင်ပါသည်။ ဦးနှောက်က ပြည့်နေကြောင်း အချက်ပြရန် မိနစ် ၂၀ ခန့်လိုအပ်သဖြင့် အစာကိုဖြည်းဖြည်းဝါးပြီး ဝါးတိုင်းအရသာခံပါ။ ထို့ပြင် အစားအစာများကို အာရုံစိုက်မည့်အစား မိသားစုနှင့် သူငယ်ချင်းများ၊ ချစ်ခင်ရသူများကိုအာရုံစိုက်ပါ။

**ဟင်းသီးဟင်းရွက်အကြံပြုချက်**

ပန်းကန်၏တစ်ဝက်ကို ကစီဓာတ်မပါသော ဘရိုကိုလီ၊ ငရုတ်ပွ၊ ပဲတီစိမ်း၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးနှင့် ဟင်းနုနယ်ရွက် စသည့် အသီးအရွက်ရောင်စုံများကိုရွေးထည့်ပါ။ လတ်ဆတ်သော သို့မဟုတ် ပြုတ်ထားသော ဟင်းသီးဟင်းရွက်များကိုရွေးချယ်၍ သံလွင်ဆီနှင့် ရှလကာရည်အနည်းငယ်ဖြင့် အသုပ်အတွက် ကိုယ်တိုင်ပြင်ဆင်ပါ။ ထောပတ်၊ ခရင်မ်၊ မရိုးနိစ် သို့မဟုတ် ဒိန်ခဲပါသော ဟင်းရွက်များနှင့် ဆော့စ်ပါသော ဟင်းရွက်များကို သတိထားပါ။ ဝက်ဆီ သို့မဟုတ် ဝက်ပေါင်ခြောက်နှင့် ဝက်ဗိုက်သားကဲ့သို့ အဆီများသော အသားများဖြင့် ချက်ပြုတ်ထားသည့် ဟင်းသီးဟင်းရွက်ဟင်းလျာများကို အနည်းငယ်သာစားသုံးပါ။

**ကောက်နှံများနှင့် ကစီဓာတ်အကြံပြုချက်**

ပန်းကန်၏လေးပုံတစ်ပုံကို အမျှင်ဓာတ်မြင့်မားသော ဆန်လုံးညိုထမင်း၊ ဆန်ညို၊ ကြာဆံနှင့် ဂျုံလုံးခေါက်ဆွဲ သို့မဟုတ် ဂျုံလုံးပေါင်မုန့် စသည်များကိုရွေးထည့်ပါ။ ကစီဓာတ်ရှိသော အသီးအရွက်များ (အာလူး၊ ကန်စွန်းဥ သို့မဟုတ် ပဲတီစိမ်း)မှ သေးငယ်သော အရွယ်အစားကိုရွေးထည့်ပါ။ ပေါင်မုန့်၊ ထမင်းနှင့် တခြားအစေ့အဆန်များတွင် ထောပတ် သို့မဟုတ် မာဂျရင်းအသုံးပြုခြင်းကိုရှောင်ပါ။ ဒိန်ခဲနှင့် ဆော့စ်များဖြင့် သုပ်ထားသော အာလူးကဲ့သို့ ကစီဓာတ်များကိုရှောင်ပါ သို့မဟုတ် အနည်းငယ်ယူပါ ။

**ပရိုတင်းအကြံပြုချက်**

ပန်းကန်၏ လေးပုံတစ်ပုံကို အရေခွံမပါသော ကြက်၊ ငါး (၃.၅-၅) ကျပ်သားခန့် သို့မဟုတ် ပဲဟင်းလျာများဖြင့်ဖြည့်ပါ။ ကြက်၊ ငါး၊ ပုစွန် သို့မဟုတ် အမဲသားကဲ့သို့ ကင်ထားသောအသားများကိုရွေးပါ။ ကြက်သားကြော်ကဲ့သို့ အဆီများသော သို့မဟုတ် ဆော့စ်ဖြင့်ပြုလုပ်ထားသောအသားများကို အနည်းငယ်သာမြည်းစမ်းကြည့်ပါ။ ပရိုတင်းဓာတ်ကြွယ်ဝသော ပဲဟင်းလျာများကိုရွေးချယ်ပါ။ သို့သော် သကြားနှင့် အဆီများဖြင့်ချက်ထားသောပဲများကို လျှော့စားပါ။ ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆော့စ်များကို သတိထားပါ။

**အချိုပွဲအကြံပြုချက်**

အမျှင်ဓာတ်၊ ဗီတာမင်နှင့်သတ္တုဓာတ်များကြွယ်ဝသော ဘယ်ရီသီး၊ သခွားမွှေးသီး၊ သစ်တော်သီး၊ ပန်းသီး၊ လိမ္မော်သီး၊ စတော်ဘယ်ရီ၊ ကီဝီသီးနှင့် ဖရဲသီးကဲ့သို့ လတ်ဆတ်၍ ကယ်လိုရီပါဝင်မှုနည်းသော အသီးအနှံများကိုရွေးချယ်ပါ။ ကွတ်ကီး၊ ကိတ်မုန့်များ၊ ပူတင်းများကဲ့သို့ သကြားအလွန်များသောအချိုပွဲများနှင့် အဆီများသော အစားအစာများကိုရှောင်ပါ သို့မဟုတ် အနည်းငယ်သာစားသုံးပါ။ သကြားမပါသောဖျော်ရည်များ၊ အချိုမပါသော ကော်ဖီ သို့မဟုတ် လက်ဖက်ရည်သောက်ပါ။ အကယ်၍ အရက်သောက်သုံးပါက ဗိုက်ထဲတွင် အစာမရှိဘဲသောက်ခြင်းသည် သွေးတွင်းသကြားဓာတ်လျော့ကျခြင်းကိုဖြစ်ပေါ်စေနိုင်သောကြောင့် ရှောင်ကြဉ်ရန်လိုအပ်ပါသည်။**ဒေါက်တာသိဂီကျော်**

# ရန်ကင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေလ ၂၄ ရက်က အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များသို့ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာ၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အဘိတ်ဆေးများခတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများကို ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာသီသီလတ်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်စည်ပင်(ကျန်းမာ)အဖွဲ့များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**လှလှထွေး**

# (၁၃)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ရန် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် မေ ၂၅**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာဆာဂေးရှွိုင်းဂူ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ မေလ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၁၃)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ အစည်းအဝေးတွင်လည်း ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၅၀၀၀ ကျော်ပျိုးထောင်ထားရှိ

**ပေါင် မေ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်သစ်တောဦးစီးဌာန၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ မန်ဂျန်ရှား၊ မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၂၅၀၀၀ ကို နည်းလမ်းကိုးသွယ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားရန် ပျိုးထောင်ထားရှိသည်။

ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်း စသော သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်သွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် နှစ်စဉ်မိုးရာသီတွင် သစ်ပင်များတစ်နိုင်တစ်ပိုင် စိုက်ပျိုးပြုစုထိန်းသိမ်းသွားစေလိုကြောင်း ပေါင်မြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးဇော်လွင်ဦး၏ပြောကြားချက်အရ သိရသည်။

(၄၀၆)

# မီးဘေးလုံခြုံရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းဆောင်ရွက်



**ပန်းတနော် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းများကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးဦးမောင်မောင်ဦးက မြို့နယ်ပြည်သူ့ဆေးရုံရှိဝန်ထမ်းများကို မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်စခန်းမှူး ဦးဇေဇေအောင်က မီးအတန်းအစားများအားဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများအား ရှင်းလင်းပြသခြင်းတို့ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက DCP မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်သရုပ်ပြအကြောင်းနှင့် မီးသတ်ယာဉ်များဖြင့် ရေဖျန်းပက်ခြင်းများဆောင်ရွက်ပြီး မီးဘေးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် |
| ၅။ | ၀၉:၀၀ | Soft Skill |
| ၆။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း |
| ၇။ | ၁၁:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈။ | ၁၂:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၉။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၁၀။ | ၁၄:၀၀ | Myanmar Traditional Food |
| ၁၁။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၁၂။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၃။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၄။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၅။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ ပူဇာစပူဇနေယျာနံ၊ ပတိရူပဒေသဝါသောစ |

## အေးချမ်းသာယာ ပြည်မြန်မာ

❖ သာယာပေသည်၊ မြန်မာပြည်ဟု
ရွှင်ကြည်နှလုံး၊ လှအပြုံးနှင့်
အမုန်းကင်းစင်၊ မေတ္တာဝင်သည့်
မြင်တွေ့ချင်စမ်း၊ စိတ်တွင်မှန်းမိ
ပန်းတိုင်းမွှေးနေ ရှိပါစေ။

❖ ငါသူတစ်ပါး၊ မခွဲခြားဘဲ
သွေးသားရင်းချာ၊ သို့ပမာလျှင်
လူသာပဓာန တန်ဖိုးမှျ၍
ကိုယ်ကသူ့ကို၊ လေးစားဆိုမည်
ကိုယ့်ကိုသူက၊ ထပ်တူမျှလျက်
အတ္တပရ ရှိကြစို့။

❖ ကိုယ်ချင်းစာနာ၊ တွေးဆကာဖြင့်
အရာရာတွင်၊ အသိယှဉ်လျက်
ဖြူစင်စိတ်ထား၊ ယွင်းမမှားဘဲ
သွားလာနေ့စဉ်၊ ပတ်ဝန်းကျင်မှာ
အမြင်မှန်စွာ၊ ရှိနေပါမှ
စာနာစိတ်ထား တန်ဖိုးများ။

❖ သဘောမတိုက်၊ မနှစ်ခြိုက်၍
လူမိုက်ဟန်ပန်၊ သုံးမည်မှန်လျှင်
ရန်စမီးပွား၊ ပိုကြီးမား၍
အမှားထပ်ဆင့်၊ မှားမာန်ဝင့်ကာ
ညဥ့်နက်သန်းခေါင်၊ မိုက်၍မှောင်ပြီ
အောင်မြင်မှုဝေး ရန်မအေး။

❖ သို့ကြောင့်ပင်လျှင်၊ စိတ်အစဉ်ဝယ်
ဆင်ခြင်တွေးဆ၊ ပြုမူကြစို့
သုခကိုသာ၊ တိုး၍ရှာသော်
ဘယ်မှာဒုက္ခ ရှိမည်နည်း။

❖ လူ့ဘဝမှာ၊ တိုတောင်းစွာတည့်
အရာရာတွင်၊ ဉာဏ်နှင့်ယှဉ်ကာ
ဖြူစင်စိတ်ရင်း၊ ကျင့်သုံးခြင်းဖြင့်
ဘေးကင်းရန်ကွာ၊ ရှိမည်သာ။
အေးချမ်းသာယာ၊ ပြည်မြန်မာ။ ။

**အာကာမောင်မောင်**

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျဝတ်ဆင်ခြင်း၊
  (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ်ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**
( ၂၅-၅-၂၀၂၅)

## "သဘာဝဘေးအန္တရာယ်နဲ့လူအများထိခိုက်ဒဏ်ရာရရှိမှုများအတွက်ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan(၂၀၂၅)ကိုရေးဆွဲထားပြီး အရေးပေါ်အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်။"

**(ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ သဘာဝဘေးအန္တရာယ်နှင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက်ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) အတိုင်း ဆေးရုံရှိ အဆောက်အအုံများ ပျက်စီးမှုများရှိနိုင်ခြင်းအပါအဝင် case scenario များဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မေလ ၂၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနတွင်ပြုလုပ်ခဲ့သည်။



အဆိုပါ သဘာဝဘေးအန္တရာယ်နှင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**မေး**။ ။အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်မှာ ဘယ်လိုအကြောင်းအရာတွေ ပါဝင်ပါသလဲ။ ဘယ်လိုနေရာတွေအထိ လွှမ်းခြုံနိုင်ပါသလဲ။

**ဖြေ**။ ။ကျွန်တော်တို့ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ ခုတင် ၂၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်ပြီး မြန်မာပြည်မှာ အကြီးဆုံးဆေးရုံကြီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ တစ်ရက်ကို ပျမ်းမျှအတွင်းလူနာ ၁၃၀၀ ခန့်၊ ပြင်ပလူနာ ၂၀၀၀ ခန့်နဲ့အကြီးစားခွဲစိတ်မှု ၅၀ ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရေးပေါ် ဆေးကုသမှုဌာနအနေနဲ့ နေ့စဉ်ပျမ်းမျှလူနာ ၂၅၀ ကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ညွှန်ကြားမှုနဲ့ သဘာဝဘေးအန္တရာယ်နဲ့ လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) ကို ရေးဆွဲထားပြီး အရေးပေါ်အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်။

ရည်ရွယ်ချက်အနေနဲ့ သဘာဝဘေးအန္တရာယ်များနဲ့ အခြားသော လူအများထိခိုက်ဒဏ်ရာရရှိမှုအခြေအနေကျရောက်ချိန်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများရဲ့အသက်အန္တရာယ်ကို လျင်မြန်ထိရောက်စွာ ကယ်တင်ကုသဖို့နဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုရောက်ရှိလာတဲ့ လူနာတွေကို ပုံမှန်လုပ်ငန်းများမပျက်စေဘဲ စနစ်တကျစီမံခန့်ခွဲပြုစုကုသပေးနိုင်ဖို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများ အစုလိုက်ထိခိုက်ဒဏ်ရာရရှိသူ လူဦးရေ ၁၀ ဦး တစ်ပြိုင်တည်းရောက်ရှိလာရင် ယင်းအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူအများထိခိုက်ဒဏ်ရာရရှိသူ ပထမ လူနာ ၃၀ ကို အရေးပေါ်ဌာနက တာဝန်ယူပြီး လူနာ ၃၀ မှ ၁၀၀ ဦးအတွင်းဖြစ်ရင် တစ်ဆေးရုံလုံး ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူနာ ၁၀၀ ဦးကျော်ရင်တော့ တခြားဆေးရုံတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး**။ ။ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်သွားမယ့်အစီအစဉ်နဲ့ ပူးပေါင်းဆောင်ရွက်မယ့်အဖွဲ့အစည်းများကို သိချင်ပါတယ်။ ဘယ်လိုအဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်လို့ရပါသလဲ။

**ဖြေ**။ ။ဇာတ်တိုက်လေ့ကျင့်ခန်းကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဆေးကုဆောင်တစ်ခုမှာ သဘာဝဘေးကြောင့် ပျက်စီးတဲ့ဖြစ်စဉ်ဖန်တီးပြီး လူနာ ၄၀ ခန့် တစ်ပြိုင်တည်းရောက်ရှိတဲ့ scenario ပြုလုပ်တာဖြစ်ပါတယ်။ လူနာ ၄၀ နဲ့လူနာစောင့် ၄၀ အဖြစ် ရန်ကုန်သူနာပြုသင်တန်းကျောင်းက သင်တန်းသား/သူတွေ ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ဆေးရုံရှိဌာနအသီးသီးက ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ငယ်များ၊ သူနာပြုကြီး/ငယ်များ၊ ဓာတ်ခွဲ/ဓာတ်မှန် စတဲ့ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များနဲ့ အငယ်တန်းဝန်ထမ်းများ၊ လသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ လသာမြို့နယ် ရဲတပ်ဖွဲ့နဲ့ လသာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပါတယ်။

**မေး**။ ။အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကြိုတင်ပြင်ဆင်ထားတဲ့ အခြေအနေ(ဆေးဝါး၊ သွေး၊ စက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းအင်အား)သိချင်ပါတယ်။

**ဖြေ**။ ။ပထမဦးစွာ အရေးပေါ်အခြေအနေ ဖြစ်လာရင် command and control center (အရေးပေါ်အခြေအနေကွပ်ကဲရေးအဖွဲ့) ကို ချက်ချင်းစုဖွဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကွပ်ကဲရေးအဖွဲ့အောက်မှာ လုပ်ငန်းအဖွဲ့ ၆ ဖွဲ့နဲ့ အထောက်အကူအဖွဲ့ ၆ ဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းပြီး အရေးပေါ်အခြေအနေကို စနစ်တကျစီမံကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့ ၆ ဖွဲ့ကတော့-

(၁) ဆေးရုံတွင်ရောက်ရှိလာသော လူနာများနှင့် ဆေးရုံဝန်ထမ်းများ လုံခြုံရေးအဖွဲ့
(၂) ဆေးကုသရေးအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့
(၃) အရေးပေါ်လူနာများအတွက် ပစ္စည်းဖြည့်တင်းရေးအဖွဲ့
(၄) ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
(၅) သတင်းဆက်သွယ်ပြန်ကြားရေးအဖွဲ့
(၆) လူမှုဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့တို့ဖြစ်ပါတယ်။

**အထောက်အကူအဖွဲ့ ၆ ဖွဲ့ကတော့**

(က) ဓာတ်မှန်ဌာနအဖွဲ့
(ခ) ရောဂါဗေဒဌာနအဖွဲ့
(ဂ) ဥပဒေရေးရာဆေးပညာအဖွဲ့
(ဃ) သွေးလှူဘဏ်အဖွဲ့
(င) သွေးဖြန့်ချိရေးအဖွဲ့
(စ) Medical Store ဌာနအဖွဲ့တို့ဖြစ်ပါတယ်။

ဒီလုပ်ငန်းအဖွဲ့တွေနဲ့ အထောက်အကူပြုအဖွဲ့တွေမှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ (ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနဲ့ ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး (ဆေးရုံအုပ်များ) က တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာအဖွဲ့ဝင်များနဲ့အဖွဲ့အချင်းချင်း ဟန်ချက်ညီစွာပူးပေါင်းဆောင်ရွက်ဖို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်တာဖြစ်ပါတယ်။

**မေး**။ ။အခြားဖြည့်စွက်ပြောလိုသည်များရှိပါက ပြောကြားပေးပါ။

**ဖြေ**။ ။ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာများအတွက် အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ခေတ်အခါမှာ သဘာဝဘေးအန္တရာယ်ကြောင့် လူအများစု ထိခိုက်ဒဏ်ရာရရှိတာတွေရှိပါတယ်။ ဥပမာအားဖြင့် မတ်လ ၂၈ ရက်မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ပြည်သူအားလုံးသိရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးဆိုတာ ကြိုတင်မသိနိုင်ပေမယ့် ထိခိုက်မှုဆုံးရှုံးမှုနည်းပါးအောင်ဆောင်ရွက်လို့ရပါတယ်။ " Practice make perfect" ဆိုတဲ့စကားအတိုင်း အန္တရာယ်တစ်ခုခုကြောင့် လူအများစုဒဏ်ရာရရှိနိုင်တဲ့အရေးပေါ်အခြေအနေမှာ ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ပုံမှန်ဆေးကုမှုလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ရင်း တစ်ပြိုင်တည်းရောက်ရှိလာမယ့် လူနာတွေအတွက် အသက်ကယ်ဆယ်ရေး၊ ကုသရေးလုပ်ငန်းများကို စနစ်တကျ (အဖွဲ့ဝင်များဖြင့်) (Team work) ဖြင့် ဆောင်ရွက်သွားရင် အခက်အခဲကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နဲ့ ကုသရေးဦးစီးဌာနတွေရဲ့ လမ်းညွှန်ချက်များနဲ့ ညွှန်ကြားမှုအောက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးမိသားစုက ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေအတွက် အစဉ်အလေးထားပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-သီဟမင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍အဆိုပါကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် စခန်းသွင်းလေ့ကျင့်သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ သင်ခန်းစာများ ပြန်လည်လေ့ကျင့်ကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရေး ကြိုးစားကျက်မှတ်ကြရန်နှင့်ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာစာသင်ကြားနိုင်ရေးအတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များအဆင်ပြေစေရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် (၁၅)ကြိမ်မြောက် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် (၁၆)ကြိမ်မြောက် Modular(prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ လွှဲပြောင်းလက်ခံ




ရန်ကုန် မေ ၂၅

မန္တလေးမြေငလျင်ကြီးကြောင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၅)ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တင်ဆောင်လာသော MT YU DONG သင်္ဘောသည် မေလ ၂၃ ရက် နံနက် ၂ နာရီခွဲက သန်လျင်ခရိုင်ကျောက်တန်းမြို့နယ် BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့လည်းကောင်း၊ (၁၆)ကြိမ်မြောက်လှူဒါန်းသည့် Modular (prefabricated) house အလုံး ၁၁၂၀ ၊ Offices အလုံး ၁၆၀ တင်ဆောင်လာသော MV.Orient Glory သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီက သီလဝါ(MITT) ဆိပ်ကမ်းသို့လည်းကောင်း ရောက်ရှိခဲ့ကြသည်။

ထိုသို့ BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ရောက်ရှိလာသည့်အောက်တိန်း (92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်တို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်တာဝန်ရှိသူများထံ ငွေးဆိပ်ကမ်း၌လွှဲပြောင်းပေးပြီး အဆိုပါရောက်ရှိလာသည့် အောက်တိန်းနှင့်ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့စွမ်းအင်ဝန်ကြီးဌာနမှ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ သီလဝါ(MITT)ဆိပ်ကမ်းသို့ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၁၁၂၀ ၊ Offices အလုံး ၁၆၀ တို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ငွေးဆိပ်ကမ်း၌လွှဲပြောင်းပေးပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့်သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့်တင်ဆောင်နေသည့် အခြေအနေများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝန်းရံခဲ

## ၂၅-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၆၀,၀၀၀) ကျပ်**ဖြစ်သည်။


**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်

နေပြည်တော် မေ ၂၅

"အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။"

(မိုး/ဇလ)




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၄°c |
| ရန်ကုန် | ၂၅°c | / | ၃၀°c |
| မန္တလေး | ၂၆°c | / | ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေ၊ မီး ရရှိမှုအခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေဆိုင်ရာတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။


ထို့နောက် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေး အရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ခေတ်မီအားကစားကွင်းနှင့် အားကစားရုံ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ဝန်ထမ်းမိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများသက်သာချောင်ချိရေးအတွက် ဥစားကြက်၊ အသားစားကြက်၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရာသီသီးနှံစိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




မြဝတီ

# အထူးမိုးလေဝသသတင်း

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်




နေပြည်တော် မေ ၂၅

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၅

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့၌ မေလ ၂၇ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်။

(မိုး/ဇလ)

# ဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများတိုးချဲ့စိုက်ပျိုးရေးဆွေးနွေးမှာကြား

နေပြည်တော် မေ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ကျိုင်းတုံမြို့နယ်ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဦးစီးဌာနအလိုက်တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသဝမ်းစာဖူလုံရေး၊ ဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ ရေမြေရာသီဥတုအခြေအနေပေးသည့် စိုက်ပျိုးဧရိယာများ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေပြီး ဈေးကွက်ဝင် အမယ်သစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဌာနတောင်သူနှင့်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ မြေယာအသုံးချမှုကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီတိကျစွာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာစောင့်သိသော နိုင်ငံ့ဝန်ထမ်းကောင်းများ အဖြစ်ကြိုးပမ်းသွားကြရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# ကဆုန်လ စာအလင်္ကာများ

မောင်လူမွေး(မြန်မာမှု)

မြန်မာ့ ၁၂ လရာသီဘွဲ့ စာလင်္ကာများကိုရေးစပ်ကြသည့် စာဆိုတော်များ ခေတ်အဆက်ဆက်တွင်ပေါ်ပေါက်ခဲ့ကြသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တစ်လျှောက် ရေးစပ်ခဲ့ကြသည်ကိုတွေ့ရသည်။ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ မယ်ခွေ၊ ဦးကြင်ဥ၊ ဦးကြော့၊ ဦးယာ၊ ဦးပုည၊ ကင်းဝန်မင်းကြီး စသည်ဖြင့် စာဆိုအသီးသီးသည် သူ့နည်းသူ့ဟန်နှင့် ဥတုသုံးလီ လရာသီ ၁၂ ခုကို ရှုထောင့်တွေးထောင့်များနှင့် အသီးသီးရှုမြင်ခဲ့ကြသည်မျိုးရှိသည်။

တချို့ရာသီဖွဲ့စာပေများသည် ပြောင်မြောက်ကောင်းမွန်သော်လည်း စာဆိုသူမထင်ရှားဘဲ ခေတ်အဆက်ဆက် တည်တံ့လာသည်ကိုလည်း တွေ့ရသည်။ ဤ၌ ပထမဆုံးတင်ပြမည့် ပေါ့ပေါ့ပါးပါး ကဆုန်လစာအလင်္ကာကိုဦးစွာတင်ပါမည်။

"ခွန်းထောက်သဖြန်" -

ကဆုန်လ ကြုံရပါတဲ့မြတ်ပွဲတော်၊
သွန်းညောင်ရေ စုကာပေါင်းတယ် လောင်းကြပျော်ပျော်။
မြတ်ဗုဒ္ဓေါ် ရည်မြော်လို့ အေးစေကြောင်း၊
ဗောဓိပင် ပလ္လင်နန်းကို ဖျန်းလို့ဆုတောင်း..။
အပူဝေးလို အေးကြပါစေကြောင်း..... ။

ဖော်ပြပါ ခွန်းထောက်မှာ ဇာတ်ပွဲတွင် မင်းသား၊ မင်းသမီးမထွက်မီ လူရွှင်တော်များက ဤနေ့ည ကပြအသုံးတော်ခံကြမည့် မင်းသမီး၊ မင်းသား၊ ဇာတ်စီး၊ ဇာတ်နင်း၊ ရှေ့ပိုင်း၊ နောက်ပိုင်းများကို နိဒါန်းအနေဖြင့် ပြည်ဖုံးကတ္တီပါကားကြီးရှေ့သို့ ပြောရန်ထွက်လာကြသောအခါ လူရွှင်တော်တစ်ဦးစီက တစ်ပိုဒ်စီဆိုကြရသော ခွန်းထောက်လေးဆစ်သဖြန် အမျိုးအစားဖြစ်ပေသည်။

ခွန်းထောက်သဖြန်ဆိုသောအခါ အသံကိုဖြန့်၍ဆိုရလေသည်။ ဒွေးချိုး၊ လေးဆစ်ကဗျာအမျိုးအစားဖြစ်သည်။ သီချင်းကြီးကဏ္ဍနှင့် ဆက်စပ်ပါက ပတ်ပျိုးဆုံးသည့်အခါတွင် ဆက်ဆိုရသော စာကဗျာများဖြစ်သည်။ ဇာတ်ထွက်ရာတွင်မူ ပဏာမဆိုရသောအကြောင်းအရာဖြစ်သည်။ အချို့ကလည်း တောခရီးလမ်းတွင် စခန်းခွန်းထောက် ရပ်နားရာတွင်ဆိုရန် ဖွဲ့ဆိုထားသောကြောင့် ခွန်းထောက်ကဗျာဟုလည်း မှတ်ယူကြပေသည်။

ဤခွန်းထောက်မှာ အလွန်အသိခက်သော ဝေါဟာရအသုံးအနှုန်းမပါဘဲ အများသူငါသိနိုင်သောအကြောင်းခြင်းရာဖြစ်သည်။ ပေါ့ပေါ့ပါးပါး ဆိုနိုင်သည့် ကဆုန်လဘွဲ့ စာအလင်္ကာဖြစ်ပေသည်။

အပိုင်းလေးပိုင်း လေးချိုးရှိသဖြင့် လေးဆစ်သဖြန်၊ လေးဆစ်ခွန်းထောက်သဖြန်ဟုခေါ်ရပေမည်။ လေးချိုးကြီး၊ မဟာလေးချိုးကြီး စသည်ကဲ့သို့ အတွန့်အတက်မရှိ သာမန်ရေးစပ်သုံးထားသည့် ကဆုန်လဘွဲ့ ဖြစ်သည်။ စာဆိုအမည်မှာ မထင်ရှားပေ။ ကဗျာရေးချင် စာစပ်သင်ဆိုသောသူများ ရေးဖွဲ့နိုင်သောစာပေဖြစ်ပေသည်။ အောက်ပါ လေးချိုးသဖြန်မှာ စာဆိုတော် ဖိုးသူတော်ဦးမင်း၏ လေးချိုးသဖြန် ဖြစ်သည်။

စံကားဝါ ငုံသင်းလို့ ကြယ်မင်းတည့်(တဲ့) ဝိသာခါ၊
တိမ်ဖွေမှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ချိန်ခါ၊
စုံကန္တာ ဟေမာ မြိုင်ထဲ၊
ရွှေကျေး အပျံသင်လို့ စံပျော်ရွှင် သည်ဟိုကူးလို့ငယ်...မြူးကြစမြဲ....။

ဤစာအလင်္ကာမှာ ဖိုးသူတော် ဦးမင်း၏ စာကဗျာဖြစ်သည်။ ဖိုးသူတော်ဦးမင်း (၁၁၆၀ ခန့်–၁၂၁၀ ခန့်) မှာ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ဦးလန်း၊ ဦးအိ၊ ဦးနု၊ ဦးမင်း စသည့် စာဆိုများကဲ့သို့ ထင်ရှားခဲ့သောစာဆိုဖြစ်သည်။ ဦးမင်းစာဆို နှစ်ဦးရှိခဲ့သည်။ ကွဲပြားရန် ဖိုးသူတော်ဦးမင်း၊ လူဦးမင်းဟုခေါ်ဝေါ်ခဲ့ကြသည်။ ဖိုးသူတော်ဦးမင်းဟုခေါ်ခြင်းမှာလည်း ငယ်စဉ်က ရှင်လောင်းဘဝသဖြင့်နှင့် ကိုရင်ကြီးအနေနှင့် နေခဲ့ဖူးသည်။ နောင်လူထွက်၍ နန်းမတော်မိဖုရားကြီးဖြစ်သူ မယ်နုထံတွင် ခစားစာဆိုရကြောင်းသိရပေသည်။ သဖြန်လေးဆစ် ၁၂ ပုဒ်၊ ၁၂ ရာသီလွမ်းချင်း၊ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းနွေမိုး လေးချိုးကြီးများကိုစပ်၍ ရတု ဒုံးချင်းများလည်း ရေးသားခဲ့သည်။ ဤလေးဆစ်သဖြန်သည်လည်းပဲ အထက်ဖော်ပြပါစာအလင်္ကာကဲ့သို့ လွယ်လွယ်ကူကူပေါ့ပေါ့ပါးပါးပင် ရွတ်ဆို အသိလွယ်သည့်စာဖြစ်သည်။

"တေးထပ်" -

ပရမေ ဘဂဝါအမြတ် ဇလာကပ်သွန်းလှူ နံ့သာခတ်မွှန်းကြူ
ကျွန်းဇမ္ဗူခြိမ့်သဲ...
ပုညာဘိညွှန်းပြောင်ဝေသည် သွန်းညောင်ရေ ပြုသည့်ခါပွဲ...
မြန်မာတို့စဉ်အလာနွယ် မင်္ဂလာခြယ်တင့်ဆဲ သဘင်မဟာ အယဉ်နွဲ့
ပါလို့ ရွှင်စမြဲကြည်ပေရာ...
ရပ်ပေါင်းစုံ တအိမ်မလပ် အချိန်မြတ်ကောင်းမှုပူဇော် ဝတ်နတ်
အဇ္ဈောကျော်အောင်..
ဇလာအဖျော်အမွှေးရေ ကရမက်ကယ်နှင့် ပရမေဓမ္မစက် စေတီယင်
သွန်းပြုရေစင်...
ဥဒ္ဒိသနှင့် မာတုဓမ္မအရှင်ကို သာဓုနရ သဘင် အောင်ပွဲတော်
မို့လေး.....။ ။

ဤကဗျာမှာ တေးထပ်အမျိုးအစားဖြစ်သည်။ ထပ်တွန့်တေးထပ်ဖြစ်သည်။ တေးထပ်များမှာ သာမညတေးထပ်၊ တေးထပ်ဆန်း၊ တေးထပ်ပိုဒ်စုံ၊ ၈၀– ပေါ်တေးထပ် စသည်ဖြင့် ကွဲပြားမှုအမျိုးမျိုးရှိပေသည်။

တကယ့်ပွဲကြီးလမ်းကြီးများဖြင့် သဘင်ခံရသောအခါ ၈၀–ပေါ်တေးထပ်၊ ထပ်တွန့်ကြီးတေးထပ်များဖြင့် သီဆိုတီးမှုတ်ကြသည်ကများသည်။ ၈၀–ပေါ်တေးထပ်ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ကစ၍ ပေါ်ပေါက်လာသောကြောင့် ၈၀–ပေါ်တေးထပ်ဟုခေါ်ကြောင်း ရှေးကဗျာဆရာများက ဆိုမိန့်ကြလေသည်။ ၈၀ – ပေါ် အရေးကောင်းသူများ၏ စာအလင်္ကာများကို ဂီတနှင့်တွဲဖက်၍သီဆိုပါက အလွန်သာယာနာပျော်ဖွယ် ရသပေါ်လွင်ခံစားရပေသည်။

"၈ လုံးဘွဲ့ကဗျာ" -

- အလောင်းတော်ကြီး၊ ပျော်မှီး.နတ်ပြေ၊
  ဗြဟ္မနတ်ပေါင်း၊ ပန်တောင်း.ထွေထွေ၊
  သန္ဓေမှီးလို့၊ ရိပ်ထီးလူ့ပြေ၊
  ဖွားမြင်မှူ၊ ရတုကဆုန်နွေ။
- ဖွားတော်မူက၊ လူမျှော့ညွတ်ရှို၊
  ကပ္ပိလနန်း၊ စံမြန်းသုံးဘုံ၊
  တောထွက်စခန်း၊ မြိုင်နန်းရဂုံ၊
  ဘုရားဖြစ်၊ အားသစ်လ, ကဆုန်။
- ၄၅–မြောက်၊ သက်ရောက်ရှစ်ဆယ်၊
  မလ္လာအင်ကြင်း၊ ပင်မင်းအလယ်၊
  ဝမ်းတော်လားလို့၊ ရွှေအားတော်ငယ်၊
  နိဗ္ဗာန်နန်း၊ စံမြန်းကဆုန်ဝယ်။
- ရှင်တော်ရုပ်ကလာပ်၊ တုပ်ဝပ်လုံးစုံ၊
  နံ့သာရှိန်မီး၊ ထိန်ညီးဖုံဖုံ၊
  ဓာတ်တော်ကြွင်းကြ၊ မင်းမျှော့ဝေပုံ၊
  စေတီများ၊ တည်ထားလ, ကဆုန်။
- ဖွားမြင်မြောက်တော့၊ နွေပေါက်ကဆုန်၊
  ဗောဓိပလ္လင်နန်း၊ စံမြန်းကဆုန်၊
  နိဗ္ဗူခြွေကြ၊ နွေလကဆုန်၊
  ကိလန၊ ညီမျှလကဆုန်။
- ကဆုန်မာသ၊ ကာလကိုမျှော်၊
  ထိပ်တင်ဥက္ကဋ္ဌ၊ တုပ်ဝပ်ကော်ရော်၊
  ရှင်တော်ငြိမ်းဇာတ်၊ ထိမ်းမှတ်အလျော်၊
  ညီအမျှ၊ ဤလရေပူဇော်။

ဤကဗျာမှာ ၈ လုံးဘွဲ့ကဗျာဖြစ်သည်။ ၈ လုံးဘွဲ့ကဗျာများကို ဘာသာရေးဆိုင်ရာပူဇော်ပွဲများတွင် အသုံးပြုကြသည်။ ပူဇော်မည့် အကြောင်းအရာကိုလိုက်၍ (ဝါ) ဒုရေး(ဒုမင်္ဂလ)၊ သုရေး (သုမင်္ဂလ) တွင် သုံးကြပေသည်။ ဒုရေးတွင် သံဝေဂ သဘောပါသောအဓိပ္ပာယ်များကို ရေးစပ်ကြသည်။ သုရေးတွင်မူ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုကြည်ညိုဖွယ် သဒ္ဓါစိတ်ဖြစ်စေမည့် အကြောင်းခြင်းရာများကို ရေးစပ်ကြရသည်။ အများနားလည်နိုင်သော ဝေါဟာရအသုံးအနှုန်းများကို သုံးတတ်ကြသည်။ ကာရန်အနေနှင့် ၂ မတြာဒီဃ၊ ၃ မတြာ၊ ၃–မတြာ အထက် ပလုတ အသုံးများကို များသောအားဖြင့်သုံးရပေသည်။

ကိုလိုနီခေတ်နှောင်းနှင့် လွတ်လပ်ရေးရပြီးခါစ ဝန်းကျင်တွင် ယပ်လှဲတရားဟောပုဂ္ဂိုလ်များ ဟောစာများ အလွန်ပေါ်ပေါက်လာသည်။ ထိုတရားပွဲကြီးများမဟောကြားမီ ရွတ်ဆိုကြသည့် ဒုရေး၊ သုရေးနှစ်ခုလုံးပင် ၈ လုံးဘွဲ့ကဗျာကိုသုံးကြသည်။ အကြောင်းအရာကိုလိုက်၍ တိုတိုလည်းရသလို ရှည်၍လည်းရနိုင်သည်။

"လူးတား" -

သာစွလေ–ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊
ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြိဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊
လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊
ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်
၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဇ္ဈူလှရာ၊ ပန်းတကာကို၊
မြူ,တာ,တကောင်း၊ မတင့်တောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမျှ
ထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရှိသေသဘင်၊
ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်..
အခါညောင်ရေ သွန်းတည့်လေ.....
ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး......။ ။

ဖော်ပြပါစာအလင်္ကာမှာ ကဆုန်လဘွဲ့ လူးတားဖြစ်သည်။ ကဗျာသဘောတရား၌ ၃မတြာ ၃မတြာထက် အထက်အသံကိုရှည်ရှည်ရွတ်ဖတ်ရလျှင် ပလုတဖြစ်ပေသည်။ ကဗျာသာရတ္ထသင်္ဂြိုဟ်နှင့် ဆရာကြီးဓမ္မာစရိယ ဦးထွန်းရွှေ၏ ကဗျာ့စွယ်စုံကျမ်းကြီးတွင် ပလုတမှရွေ့လျားလာကာ လူးတားဖြစ်သည်ဟုဖွင့်ဆိုလေသည်။

အချို့ပညာရှင်များကလည်း ရေစီးသန်သောချောင်းမြစ်ကြောင်းတို့တွင် လှေဆန်တက်သောအခါ ကြိုးဖြင့် ဟိုဘက်ဒီဘက်ဆိုင်း၍ဆွဲ၍ လှော်တက်သွားသည်ကို "လူးတားပေါက်" သည်ဟုခေါ်သည်၊ ထိုအခေါ်ကို အကြောင်းပြု၍ "လူးတား" ဟုခေါ်ဆိုခြင်းကိုလည်း ဖွင့်ဆိုပေသည်။

လေးလုံးစပ်လင်္ကာဖြင့် နှစ်ပိုဒ်ဖြစ်စေ၊ သုံးပိုဒ်ဖြစ်စေ၊ လေးပိုဒ်ဖြစ်စေခံပြီး သုံးလုံးတစ်ပိုဒ်ကို "လေ"ဟူသော အက္ခရာထား၏။ ရတုလင်္ကာများကဲ့သို့ပင် လေးလုံးစပ်လင်္ကာပင်ဖြစ်သည်။ အချပိုဒ်နှင့် အက္ခရာခုနစ်လုံးဖြင့်ဆင့်၍ချရသည်။ ဤလူးတားမှာ အချသည် "အခါညောင်ရေ သွန်းတည့်လေ၊ ရွှေပြည်ရွှေဝနန်းတည့်လေး" ဟုချထား၍ လူးတားအနေနှင့် ရေးထားသော ကဆုန်လ စာအလင်္ကာဖြစ်သည်။

"အဲချင်း"

ဖန်နန်းမှ မျက်အုံလေ... နေနှင့်ယှဉ်မှီ၊ ရောဟဏီလည်း၊ မှန်စီဆောင်က၊ ရွှေထီးရိပ် ပြပါလို့၊ လွမ်းစယှက်သွယ်၊ မင်းမူဟန်ကျယ်လှ၊ မိုးလယ်ဘုံမှာတည့်လေး...
ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်သို့၊ ရှစ်မျက်နှာစို၊ တောတခိုမှာ၊ ပျိုနုနုနှင့်၊ ကျီးဥမှလဲ့ပြာ။ စံကားထုံသင်း၊ ဂေါစာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေငယ်စံသည် (ညာကြွေငယ်ပျံသည်)၊ ယုဂန်မှာ တိမ်တစ်ပုံက၊ ဂဠုန်လို ဝဲ။ အသည်းမှာဆွတ်ကျင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ပိုက်ဦးငင်လို့၊ သဘင်မှဖြိုးဝေ။ စင်ရော်,သောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ်ခြွေသည်။ ဂြိုဟ်စနေ ဖီလာပိုင်းဆီက၊ မုန်တိုင်းချီပြင်း။ ပြည်ကမ္ဘော့ဇ၊ တိုင်းညီမြမှာ၊ တံငါ့တာရာ၊ ကြယ်ဥက္ကာနှင့်၊ အခါညောင်ရေ၊ ပွဲစုံငယ်ထွေလို့၊ လွမ်းပွေဆိုင်ညီ၊ သေမင်းပင် မှီရော့ထင့်။ စက်ရာသီပြိသရေးတဲ့၊ ငိုကြွေးခင်း လေး.....။

စာဆိုမယ်ခွေ၏ ကဆုန်လဘွဲ့ အဲချင်းဖြစ်သည်။ စာဆိုတော်မယ်ခွေမှာ ကုန်းဘောင်ခေတ် ထင်ရှားခဲ့သောစာဆိုတစ်ဦးဖြစ်သည်၊ ဘိုးတော်ဘုရားလက်ထက် နန်းတွင်း၌ ခစားရသော စာဆိုအမျိုးသမီးတစ်ဦးဖြစ်သည်။

အဲချင်းအမျိုးအစားမှာ အစပိုဒ်၌ "နေနက်ကယ်မှ ရာဇာလေ... ခမောက်ကယ်မှ စိန်တောင်လေ... မင်္ဂလာရယ်မှ မဏ္ဍိုင်လေး..." စသည်ဖြင့် ခြောက်လုံးဖြစ်စေ၊ ခုနစ်လုံးဖြစ်စေ စ၍ သုံးချိုး၊ လေးချိုးဖြင့် စပ်ဆိုရေးသားထားသောစာပေအမျိုးအစားဖြစ်သည်။ အဲချင်းမှာ အရှင်သခင်အကြီးအကဲကို ပသတမ်းတပြီး ဆိုသောသဘောလည်းဖြစ်ပေသည်။ ထို့ကြောင့် နတ်ပွဲအစ အဲချင်းကဟုဆိုရိုးရှိပေသည်။

စာဆိုမယ်ခွေ၏ အဲချင်း ထူးခြားချက်မှာ ဝေဒပညာနှင့် ကြည့်ပါကရာသီစက်၊ တိတ်စွဲဒေသ၊ ဂြိုဟ်နက္ခတ်တာရာ၊ ရာသီပန်း၊ ပတ်ဝန်းကျင်မြင်ကွင်း၊ ရာသီပွဲ စသည်တို့ကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပေါ်လွင်အောင်ရေးသားထားလေသည်။ နက္ခတ်ဗေဒင် ကျွမ်းကျင်သူများအနေနှင့်ကြည့်ပါက အလွန်ပညာရပ်ဆန်သော၊ ကောင်းမွန်တန်ဖိုးရှိသောစာပေအမျိုးအစားဖြစ်ပေသည်။ ဝေဒပညာရပ်နှင့် တိုင်းနိုင်ငံ တိတ်စွဲများကို မူကွဲတွေ့ပါက မယ်ခွေ၏အဲချင်းပါ တိတ်စွဲနှင့် ညှိရသည်။ ထိုအနေအထားမျိုးကိုရေးသားထားသော အဆင့်မြင့်ရာသီဘွဲ့အမျိုးအစားဖြစ်သည်။

"ကြိုး သီချင်း"

အောက်တွင်ဖော်ပြမည့် "တေတလေ တေတေလေ ထံဒျန့်ဒျန့်တေ..." စသောတေးသွားမှာ ဗောဓိညောင်ရွက်သံ ကြိုးသီချင်းဖြစ်သည်။ အလောင်းဘုရားလက်ထက် မြင်းရည်တက် ၆ ကျိပ် ၈ ယောက် (၆၈) တွင်ပါဝင်သော လက်ဝဲနော်ရထာ ဦးနေဆိုသည့် **စာမျက်နှာ ၁၄ သို့** ❖

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၅

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးက တိပိဋက ပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြလျှောက်ထားပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနောမိဉာဏနှင့် ဌာနကြီးမှူး၊ ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။



ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေးလျှောက်ထား၍ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာမိန့်ကြားတော်မူပြီး အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှသင်ကြားဆရာတော်၊ သီလရှင်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် AYAR HINTHAR CONSTRUCTION CO., LTD. ကဆောက်လုပ်လှူဒါန်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် (၂၀၄ ပေ x ၁၅၄ ပေ) (BASEMENT + 4 STORIES RCC BUILDING) တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်ရည်ရှိအောင် ဆောက်လုပ်သွားရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော SOP (Standard Operating Procedure) စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ကြရန် မှာကြားကာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် Mother Construction Co., Ltd. ကတာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

❖ စာမျက်နှာ ၁၃ မှအဆက်

ပုဂ္ဂိုလ်ဖွဲ့ခဲ့သော (သို့) ရေးကရှိခဲ့ပြီးသော ဇာမိညောင် စာအလင်္ကာကို ဂီတသင်္ကေတပြခဲ့သော တေးသွားဖြစ်ပေသည်။

ထိုကဲ့သို့ ဂီတတေးသွားသင်္ကေတများကို ဒူပေါင် ထန်ပေါင်ဟုခေါ်သည်။ ဆရာပန်းမှု ဆရာရိပ်မှု မည်သည့်ဆရာမှု စသည်ဖြင့် ဂီတမျိုးဆက်တွင်ရှိပါ၏။ မြဝတီမင်းကြီးဦးစ၏ သီချင်းစာသား အချို့တွင် ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုး စသည်ဖြင့် မည်သည့် စာသားဝေါဟာရမျှမပါဘဲ တေတလေ၊ ဒူတေလေ၊ ဒျန့်ဒျန့်ဒူ စသည်ဖြင့် ရေးဖွဲ့ထားမှု အများပင်တွေ့ရသည်။

ဤသည်ကို တေးတွဲ့ဟုလည်းခေါ်ကြောင်းသိရသည်။ ဂီတပညာရှင်များဖြစ်ကြသည့် ပုသိမ် ဒေါ်တင်တင်၊ ဣန္ဒဝဇီရခေါ် သခင်အောင်ရှိန်(ဘိသိက်မင်္ဂလာကျမ်းပြု) ဤကဲ့သို့ သဘောသက်ဝင်သော တံတျာတေရှင် ပုစဉ်းတောင်သံကြိုးကို ပဋ္ဌသခ်နတ်စောင်းသဘောဖြင့် အနက်အဓိပ္ပာယ်ကြံဆဖွင့်ဆိုခဲ့ဖူးသည်ကို အမျိုးသားစာပေဆုများရှင် (ခတ်ပြား) ဦးမောင်မောင်သူ၏မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း၌ ထိုခေတ်ပညာရှင်များ၏ သဘောမှတ်ချက်ကို လေ့လာဖော်ပြထားလေသည်။

ဥပမာအနေနှင့်ပြောရပါက မှုန်ရွှေရည် သီချင်းအလိုက်ကို စာသားမရ၍ဖြစ်စေ၊ ရ၍ဖြစ်စေ လေချွန်သောအခါ (သို့) ပါးစပ်က ညည်းသောအခါ.. ဒီဒီဒီ .... ဒီဒီဒီဒီဒီ.... စသဖြင့်ထွက်လာသည်။ နိဂ္ဂဟိတ် အသံကိုရေးထားသော စာသားမပါ (Word Lose) စာလုံးပျောက် သင်္ကေတဖြစ်သည်။ Melody သဘောဖြစ်ပေသည်။ စာရှုသူ ဒူပေါင် ထန်ပေါင်ကို စာလုံးသွင်း၍ ရေးခေတ်ကရေးခဲ့သော ကဆုန် ဇာမိညောင်ရေသွန်း .... စာကြောင်းစာသားအကြောင်းအရာကို ဖြည့်စွက်၍ စာအလင်္ကာ မြှုးကြည့်ပါဘိ။

ကမ္ဘာကျော် စစ်တုရင်ကစားကွက်ဖြစ်သည့် ဇော်လကာ တောင်တန်းကို ဖြတ်ကျော်ခြင်းဆိုသော စစ်တုရင်ကွက်ကို တစ်ကွက်ချန်၍ (ဝါ) မြှုပ်၍ကစားကြရာ ယနေ့တိုင် ထိုအတိုင်း ကစားပွဲမသိမ်းနိုင်သေးဆိုသော အဆိုတစ်ခုရှိပေသည်။


ဤဇာမိညောင်ရွက်သံကြိုးသီချင်းသည်လည်း ကဆုန်ညောင်ရေသွန်းအကြောင်းပင်လော သို့မဟုတ် ဤနေမျိုးမဟာကျော်ထင်ပင် ရေးဖွဲ့သော (၁၁၃၂ တန်ဆောင်မုန်းလ) ဇာမိရွက်သံကြိုးကဲ့သို့ ဆောင်းဘွဲ့လော(နိုင်ငံတော်မှ မဟာဂီတ) စာရှုသူများ ဉာဏ်ကစားရမည့် ဇာမိရုက္ခ ကဆုန်လ ဇာမိညောင်ကြိုးသီချင်းကြီးဖြစ်ပါတော့သည်။ ။

(တေတလေ)၂ ထံတုံ့တုံ့ (တေ)၂ လေ (တေလေ) ထံတုံ့တုံ့တေ (တေလေ) တလေထူ (ထံ)/တျာ (တာလျာ) တို့တို့တေ တေတလေ တေတေ တျာထူတုံ့ တေ ထူတျော တေတျော (ထံ) တေတျော (ထူတျော)ပ ထူထပ်တာ တေထံတျာ ထပ်တျာ တေတျော (ထံတျာ)' တျော တေထူထံတ္တံ့ တျော ထပ်တျာ

---




## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| အောင်လံ | ၃၆.၄˚C |
| ကော့ကရိတ် | ၃၆˚C |
| ချောက် | ၃၅.၈˚C |
| ဆင်ဖြူကျွန်း | ၃၅.၇˚C |
| တောင်တွင်းကြီး | ၃၅.၅˚C |
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၃၅.၃˚C |
| ဘားအံ | ၃၅.၃˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| တောင်ကြီး | (၃.၃၅)လက်မ |
| မင်းကင်း | (၃.၁၁)လက်မ |
| ကိုကိုးကျွန်း | (၂.၉၁)လက်မ |
| မြဝတီ | (၂.၄၄)လက်မ |
| ဂန့်ဂေါ | (၂.၃၆)လက်မ |
| ဟားခါး | (၂.၃၂)လက်မ |
| မိုင်းခတ် | (၂.၂၈)လက်မ |
| အမရပူရ | (၂.၁၆)လက်မ |
| မုံရွာ | (၂.၀၁)လက်မ |
| ညောင်ရွှေ | (၁.၉၇)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်လေးပင် | ၃၈.၉˚C |
| မင်းဘူး | ၃၇.၄˚C |
| မကွေး | ၃၇˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၉ | ၃၀ |
| ရှမ်း(မြောက်) | ၂၀ | ၂၈ |
| ရှမ်း(အရှေ့) | ၂၁ | ၂၈ |
| ရှမ်း(တောင်) | ၁၈ | ၂၇ |
| ချင်း | ၁၀ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၀ |
| နေပြည်တော် | ၂၆ | ၃၄ |
| မန္တလေး | ၂၆ | ၃၂ |
| မကွေး | ၂၆ | ၃၈ |
| ရခိုင် | ၂၄ | ၃၄ |
| ပဲခူး | ၂၄ | ၃၅ |
| ရန်ကုန် | ၂၅ | ၃၀ |
| ဧရာဝတီ | ၂၅ | ၃၁ |
| ကယား | ၂၁ | ၂၉ |
| ကရင် | ၂၃ | ၃၇ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၃ | ၃၁ |

---

# တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားကို မေလ ၂၅ ရက်တွင် တိုက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ကျောင်းသား၊ ကျောင်းသူများက ကျောင်းအပ်နှံရေးသီတင်းပတ်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ခရိုင်ပညာရေးမှူးဒေါ်စန္ဒာဦးက ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးရည်ရွယ်ချက်ဖြင့် ကျောင်းအပ်နှံရေးအခမ်းအနားပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က နိုင်ငံတော်မှပံ့ပိုးသည့် ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ပြီး အလှူရှင်များက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ အလှူငွေနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ကာ မြို့နယ်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (တိုက်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများက လုံချည်စိမ်းနှင့်အင်္ကျီဖြူသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ဝတ်ရည်(တိုက်ကြီး)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့မှ ဒေသထွက်လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်စဉ်။

**◆ ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် . . .**

**◆ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်တစ်ချက်ဖြစ် . . .**

➤ ကျောဖုံးမှအဆက်

အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ဦးစားပေးအနေဖြင့် အရေးကြီးသည့်ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့် စာပေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုစနစ်ပညာရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့တက်ရောက်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း အသားငါးများလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍လည်း နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးတင်ပြရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများအား တွေ့ဆုံခွင့်ရသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဥက္ကဋ္ဌဟောင်းကြီးကွယ်လွန်ဆုံးပါးခဲ့ချိန်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများက ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထိခိုက်ဆုံးရှုံးခဲ့ရမှုများအတွက်လည်း မိမိတို့အနေဖြင့် ထပ်တူဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့်အထူးဒေသ(၄)အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများပူးပေါင်း၍ လျော့ပေါ့ဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ **အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)၏သဘောထားခံယူချက်အနေဖြင့် နှစ် ၃၀ ကျော် ကျင့်သုံးလာခဲ့သည့်အတိုင်း နိုင်ငံတော်မှချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့်ဒို့တာဝန်အရေးသုံးပါးအတွက် အဓိကထားဆောင်ရွက်လျက်ရှိ**ကြောင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ဒေသအတွင်း ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှလက်ခံထားခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် **ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေးလုပ်ငန်းရပ်များအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ NDAA (မိုင်းလား)အဖွဲ့မှ ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် တက်ရောက်လာကြသူများက အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအဖွဲ့ဝင်များသည် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ-လွိုင်မွေလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်မွေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
သမိုင်းဝင်နှစ် ၁၀၀ စံအိမ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**☆ ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လွိုင်မွေဒေသသို့ရောက်ရှိစဉ် ခရီးစဉ်လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းလျာထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံ - လွိုင်မွေလမ်းအဆင့်မြှင့်တင်ရာ၌ လမ်းကြောင်းရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန်သို့ရောက်ရှိကြပြီး လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာရရှိရေးဆောင်ရွက်သွားရန်လိုကြောင်း၊ **ရေဝေရေလဲဧရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လို**ကြောင်း၊ **တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ဆောင်ပေးရန်လို**ကြောင်း၊ **စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်း**



လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဌသုမင်္ဂလစေတီတော်အား ဖူးတွေ့ရစဉ်။

**စစ်ဆေးဆောင်ရွက်သွားရန်လို**ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်မွေမြို့၊ ၁၀၇ နှစ်သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ ဆေးရုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်နှစ် ၁၀၀ စံအိမ်သို့ ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လှိုင်မွေမြို့သမိုင်းနှင့်အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် **စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက်ပြန်လည်ပြင်ဆင်သွားရန်လို**ကြောင်း၊ **လိုအပ်သည့် အိမ်အသုံးအဆောင်ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်း ပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဌသုမင်္ဂလစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် စေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

လှိုင်မွေတောင်စခန်းမြို့ရှိ စတုရဌသုမင်္ဂလစေတီတော် ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုစဉ်။





❖ **ရေဝေရေလဲဧရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လို၊ တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ဆောင်ပေးရန်လို. . .**

❖ **စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန်လို၊ လိုအပ်သည့် အိမ်အသုံးအဆောင်ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်းပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန်လို . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects development tasks in Loimwe area in Shan State (East)

NAY PYI TAW May 25

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by SAC Joint Secretary General Ye Win Oo and wife and council members and their wives, the Shan State chief minister, senior military officers from the Office of the Commander-in-Chief and officials, inspected the development tasks in Loimwe area in Shan State (East) this morning.

First, the Senior General and party arrived at the project site of the upgrading of Kengtung-Loimwe road being carried out by the Road Management Department Shan State (East) and heard reports on salient points of the project, implementation of the instructions of the Senior General given during the visit in February, 2022 to the area, tasks carried out in each fiscal year and future tasks reported by responsible officials before giving instructions on durability of the road in the upgrading tasks and others.



Senior General Min Aung Hlaing hears reports on the upgrading of Kengtung-Loimwe road.

Then, the Senior General and party proceeded to the Loimwe Lake and heard reports on water supply for Loimwe area by using the solar system and the piping of water from natural springs submitted by responsible officials. After hearing the reports, the Senior General pointed out the needs to water security in Kengtung and Loimwe areas, conservation of forests in watershed areas of the lake, implementation of the highland farming system as shift farming causes deforestation and field trips of experts for piping from natural springs.



Senior General Min Aung Hlaing inspects the station hospital in Loimwe.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla donate offerings to hill missionary Sayadaw Bhaddanta Vepula.

Then, the Senior General and party arrived at the 107-year long people's station hospital and welcomed by Superintendent Dr. Thanda Win and officials. The Senior General and party inspected the hospital and gave instructions on the upgrading of the hospital to responsible officials.

Afterward, the Senior General and party visited the historic 100-year old villa and viewed the documentary photographs of the history of Loimwe and its landmarks displayed in the villa. Then, the Senior General and party inspected the maintenance works of the villa and gave necessary instructions on conservation of the villa and its furniture in their original styles and others.



Senior General Min Aung Hlaing inspects the historic 100-year old villa and viewed the documentary photographs of the history of Loimwe and its landmarks displayed in the Loimwe villa.

Then, the Senior General and wife and party arrived at the Saturattha Sumingala Pagoda in Loimwe hill resort. Afterward, the Senior General and party paid homage to and offered flowers, water and lights to the Buddha image of the pagoda. Afterward, the Senior General and wife and party paid obeisance to the Buddha image in the prayer hall of the pagoda.

Then, the Senior General and wife paid obeisance to hill missionary Sayadaw Bhaddanta Vepula and donated cash to the Sayadaw before walking round the pagoda clockwise and giving instruction on renovation of the pagoda for its durability.

100

●● From Page - 21

the visit, he provided necessary guidance.

The Senior General first inspected the damage to the suspension bridge and archway at Gate No. 1, as well as the Pyidaungsu Hluttaw Building, the Pyithu Hluttaw Building, the Zabu Thiri Hall, and the Amyotha Hluttaw Building. He was accompanied by Pyithu Hluttaw Speaker U T Khun Myat and other officials during the inspection.

In response to the reports, the Senior General emphasized the need for systematic and timely repairs to the damaged parliamentary buildings, instructing that the restoration work be completed within the designated timeframe. He also stated that, to ensure long-term durability and structural integrity, construction work must be carried out by technical experts, using high-quality materials. The Senior General also looked into other requirements.

**100**

Senior General Min Aung Hlaing inspects damage to the suspension bridge and archway at Gate No. 1.



# More than 9,000 acres of sunflower planted in Mingin Township

MINGIN May 25

According to records from the Agriculture Department of Mingin Township of Sagaing Region, a total of 9,349 acres of sunflowers planted during the winter crop season have already been harvested.

In Mingin Township, a total of 16,337 acres of sunflowers were cultivated during the winter crop season. The harvesting of these sunflower fields began in January of this year, and as of today, 9,349 acres have been harvested. The yield per acre is reported to be 30.07 baskets.

"The total area of sunflower cultivation in Mingin Township during the winter crop season reached 16,337 acres. At present, the harvesting process is ongoing, with 9,349 acres already harvested. To reduce reliance on imported palm oil, efforts are being made to expand sunflower cultivation as an alternative oil crop. Sunflowers produce more oil per acre compared to other oilseeds such as peanuts and sesame. That is why sunflower cultivation mainly takes place during the winter season," said Daw Hayman Kyaw Win, the head of the Mingin Township Agriculture Department.

To promote the expansion of sunflower cultivation in Mingin Township, the Agriculture Department has conducted training programmes for farmers. These programmes aim to enhance the skills and capabilities of both agricultural staff and sunflower growers.

Moreover, support measures have been implemented for farmers, including the provision of quality seeds, the sale of fertilizers at affordable prices, and the establishment of a seed exchange system that allows farmers to share and distribute sunflower varieties among themselves.

**SK**

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives a peace delegation of NDAA (Mongla)

## All the national brethren of the country should serve the national interest in harmony and unison

NAY PYI TAW May 25

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received a peace delegation led by U San Pae, Vice Chairman of Peace and Solidarity Committee, NDAA (Mongla), at Shwe Tarigan Yeiktha of Triangle Region Command HQ this morning.

Present together with Senior General Min Aung Hlaing were SAC Joint Secretary General Ye Win Oo, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and senior military officers from the Office of the Commander-in-Chief. U San Pae was accompanied by Vice Chairman U San Lu, U Kyi Myint and responsible persons.



Senior General Min Aung Hlaing receives a peace delegation of NDAA (Mongla).



Senior General Min Aung Hlaing exchanges commemorative gifts with peace delegation of NDAA (Mongla).

First, the Senior General warmly greeted U San Pae and party.

In his discussions, the Senior General expressed pleasure to have a meeting with old friends again, saying Myanmar is a Union that is on the road to a federal system based on disciplined multi-party democracy. Hence all the national brethren of the country must serve the national interest in harmony and unison.

The government is working in the interest of the State and all citizens with sincere goodwill. **In the education and health sectors, which are vital priority fields, cooperation will be rendered in accord with the policy of the State, followed by the efforts to achieve progress and peace and stability. Abundance of educated human resources is a must for development of a region and a country.** Opening of basic education schools is required for all school age children to be in classrooms. As the country is a union, the entire country must be fluent in the official language declared by the State. Hene, the union education system shall be taught in the whole country. Arrangements should be made for the students, who have completed basic education, to attend local universities.

Industries, based on rubber that grows well in the area, must be developed till they can manufacture high quality goods. The region must run farming activities for ensuring fish and meet sufficiency in it, and the State will provide necessary assistance. Moreover, it will help improve the road transport of the area. The government will conduct regional development undertakings, followed by the provision of healthcare services down to the rural areas.

In presenting matters relating to peace and stability and regional development, U San Pae first thanked the Senior General and other leaders for receiving them at the meeting. He also thanked the State and people for sending condolences for the demise of the former NDAA chairman. He then expressed empathy towards the country and people, who suffered losses and destruction during the Mandalay earthquake. NDAA (Mongla) sent help for the victims in cooperation with entrepreneurs and people of special region 4. **Over 30-year conviction of NDAA (Mongla) centred on Our Three Main National Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty.** He requested State's assistance for further facilitation of road transport in the region and continued assistance for its health and education sectors. NDAA (Mongla) accepts no armed organization or political party in its area. **NDAA (Mongla) will render cooperation in the undertakings for regional peace and stability.** He then requested necessary guidance from the Senior General.

Afterwards, both sides cordially exchanged views on peace process, health, education and development undertakings.

After the meeting, Senior General Min Aung Hlaing exchanged commemorative gifts with U San Pae and U San Lu.

The SAC Joint Secretary, the Chief of General Staff (Army, Navy and Air) and attendees presented commemorative gifts to members of the Peace and Solidarity Committee, NDAA (Mongla).

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and members of the Peace and Solidarity Committee, NDAA (Mongla), posed for documentary photos and later, enjoyed the lunch together. **100**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inspects the status of the renovation work on the Hluttaw buildings damaged by the earthquake, and provided guidance as needed





Senior General Min Aung Hlaing inspects restoration of Hluttaw buildings.

NAY PYI TAW May 25

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo and other members of the entourage, inspected the Hluttaw buildings in Nay Pyi Taw, Union Territory this afternoon, and ongoing restoration efforts following damage caused by the Mandalay earthquake. During

See Page - 19●●





Senior General Min Aung Hlaing surveys interior damage at a Hluttaw building.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရရှိတော်မူသော မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိစာသင်တိုက် နာယကဆရာတော်၏ ဂုဏဝိသိဋ္ဌပူဇာမဟာမင်္ဂလာအခမ်းအနားကျင်းပ



**မြစ်ကြီးနား မေ ၂၅**

နိုင်ငံတော်က ဆက်ကပ်ချီးမြှင့်ခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၏ ဂုဏဝိသိဋ္ဌပူဇာ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခေမာသီဝံကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ မဟာထေရ်မြတ်နှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့်ပရိသတ်များတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကာ လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကြွရောက်လာသောဆရာတော် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး ဂုဏပူဇာမဟာ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေး အလှူတော်ငွေများကိုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၃၀၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးမိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာအုပ်စုအတွင်းရှိ "ဂရုဏာလက်" လူငယ်ပြုစုပျိုးထောင်ရေးအသင်းအဖွဲ့ရုံးသို့သွားရောက်၍ စခန်းတာဝန်ခံများနှင့်လူငယ်များကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အသင်းရုံးရှိ တာဝန်ခံများနှင့် လူငယ်များအတွက် ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာပလိုင်းလက်ဆောင်နှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ခံ ဦးတန်ရော်က ကျေးဇူးတင်စကားပြောကြားပြီး လူငယ်များက ခွန်အားပြည့် ဓမ္မတေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် မေ ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှောင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၅၅ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

မေလ ၂၅ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality) ၃၈ အိတ်၊ ဆန် ၅ ပြည်ပါ(ဖျာပုံပေါ်ဆန်း) ၂၂ အိတ်၊ ဆီ ၁၃၂၀ ပိဿာ၊ ဆား ရှစ်ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၂ ထုပ်၊ ငါးပိ သုံးပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၂၂ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ကြက်ဥအလုံး ၃၂၀၊ ဘဲဥအလုံး ၇၀၊ ခေါက်ဆွဲခြောက် ၁၀ ထုပ် တို့ကိုရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း လျှောင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး(အရောင်းယာဉ်)ဖြင့် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာ့ကော်ဖီသည် ကမ္ဘာ့နိုင်ငံများတွင် နာမည်ကောင်းရရှိပြီးဖြစ်၍ အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ ထူထောင်ထားရှိပြီး ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်



**နေပြည်တော် မေ ၂၅**

အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ရွှေရည်မွန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အိုးဝေကော်ဖီနှင့် ကော်ဖီဗမာထုတ်လုပ်သည့်လုပ်ငန်းသို့ရောက်ရှိပြီး အသင့်သောက်သုံးနိုင်သည့် ကော်ဖီများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ထုတ်ကုန်ပစ္စည်းများအား စားသုံးသူများယုံကြည်စိတ်ချစွာဝယ်ယူအသုံးပြုနိုင်ရေးအတွက် ထုပ်ပိုးခွံများတွင် ကုန်အမှတ်တံဆိပ်နှင့် ပါဝင်ပစ္စည်းများကို ဖော်ပြရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းဖြစ်၍ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ် (GMP) များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီသည် ကမ္ဘာ့နိုင်ငံများတွင် နာမည်ကောင်းရရှိပြီးဖြစ်၍ အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ ထူထောင်ထားရှိပြီး ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်အတူ စဉ့်ကိုင်မြို့နယ်ရှိ ဆန်းရှင်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်၏ ဖိုက်ဘာဘိလပ်မြေပြားစက်ရုံသို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်သူများ၏နေအိမ်အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ များစွာပျက်စီးခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရေးတကြီးလိုအပ်လျက်ရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဖိုက်ဘာဘိလပ်မြေများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် M Steel စက်ရုံနှင့် Han Steel Power စက်ရုံတို့သို့ရောက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးသံချောင်းလုံးများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

# နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနား မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် မေ ၂၅

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနဝန်ကြီး H.E .Mr. Kostantin Chuychenko ၏ ဖိတ်ကြားချက်အရ မေလ ၁၉ ရက်မှ ၂၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနက ကျင်းပသည့် (၁၃) ကြိမ်မြောက် စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၊ နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ် H.E. Mr. IGOR KRASNOV ၏ ဖိတ်ကြားချက်အရ မေလ ၂၃ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေး၊ နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်၏လုပ်ထုံးလုပ်နည်းများဆိုင်ရာ နောက်ဆက်တွဲစာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနား၊ နှစ်နိုင်ငံ ဥပဒေရေးရာကျွမ်းကျင်သူများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၏ "အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာပြစ်မှုများအားတိုက်ဖျက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဆိုက်ဘာပြစ်မှုများ၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ကျူးလွန်သောပြစ်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုကျူးလွန်သည့်ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်သည့်ပြစ်မှုများဖြစ်ပြီး ကမ္ဘာပေါ်တွင် လူ့အသိုင်းအဝိုင်းကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် အမှုဖြစ်စဉ်များနေ့စဉ်နှင့်အမျှ မြင့်တက်လျက်ရှိကြောင်း၊ အဆိုပါပြစ်မှုများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍မရနိုင်ဘဲ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံပဋိညာဉ်စာချုပ်နှင့်အညီ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖြတ်ကျော် ဥပဒေရေးရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာဖြစ်သော AI နည်းပညာကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်၏ ဥပဒေရေးရာဝန်ကြီးများအစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ထို့ပြင် (၁၃)ကြိမ်မြောက်စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် ကျင်းပနေစဉ်အတွင်း နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန်အကာအကွယ်ပေးရေး ဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ဝန်ကြီး H.E.Mr. Kostantin Chuychenko တို့တက်ရောက်၍စာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

မေလ၂၃ ရက်တွင်ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ် H.E. Mr. IGOR KRASNOV ၏ ဖိတ်ကြားချက်အရ မော်စကိုမြို့သို့ သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအလွဲသုံးစားပြုလုပ်၍ တရားစီရင်ခြင်းမှ အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၏ လုပ်ထုံးလုပ်နည်းများဆိုင်ရာ နောက်ဆက်တွဲစာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV တို့တက်ရောက်၍ စာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစီအစဉ် (၂၀၂၄-၂၀၂၅) အရ ၂၀၂၅ ခုနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် နှစ်နိုင်ငံဥပဒေရေးရာ စကားဝိုင်းဆွေးနွေးပွဲသို့ နှစ်နိုင်ငံကိုယ်စားလှယ်များက တက်ရောက်၍ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထွန်းမင်းနိုင်နှင့်ရာမာန်တို့က ထိုင်းကစားသမားများကို ခြေကန်ချက်များဖြင့် အလဲထိုးအနိုင်ယူ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကလပ် (MFC)က စီစဉ်ကျင်းပသည့် မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ပြုလုပ်ရာ ထွန်းမင်းနိုင်နှင့်ရာမာန်တို့က ထိုင်းကစားသမားများကို ခြေကန်ချက်များဖြင့် အလဲထိုးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထွန်းမင်းနိုင်(မြန်မာ)နှင့် Veenut (ထိုင်း)တို့ပြိုင်ပွဲတွင် ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးနိုင်သော်လည်း ထွန်းမင်းနိုင်ခြေကန်ချက်ကြောင့် Veenut အနားတောင်းခဲ့ရသည်။ ထို့နောက် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သော်လည်း ဒုတိယအချီတွင် ထွန်းမင်းနိုင်က တိုက်စစ်မြှင့်ကစားလာသည်။ သူတို့နှစ်ဦးခြေချင်းဆိုင် ကန်ကြသည်တွင် Veenut ပြုတ်ကျပြီး ပြန်မထနိုင်သည့်အတွက် ထွန်းမင်းနိုင်အနိုင်ရရှိသွားသည်။

မြန်မာ-ထိုင်း နောက်ပွဲစဉ်တစ်ခုဖြစ်သည့် ရာမာန်(မြန်မာ)နှင့် Famechai (ထိုင်း)တို့ပြိုင်ပွဲတွင် ရာမာန်က အရပ်အမောင်းကောင်းသလို သက်လုံပိုင်းလည်းကောင်းသည်။ Famechai က အရပ်နိမ့်သည်။ သူတို့နှစ်ဦးပထမအချီတွင် ရာမာန်ကလက်သီးတွဲလုံးနှင့် အမြင့်ခြေကန်ချက်များပါ တွဲသုံးခဲ့ရာ ရာမာန်၏ ဘယ်ခြေကန်ချက်ထိမှန်ပြီး Famechai အနားတောင်းခဲ့ရသည်။ ဒုတိယအကြိမ် ခြေကန်ချက်ထိမှန်ခဲ့ရာ Famechai အထိနာသွားသည့်အတွက် ဒိုင်ပွဲရပ်ဖြင့် ရာမာန်ကိုအနိုင်ပေးလိုက်သည်။

ပြည်တွင်းငါးချီပြိုင်ပွဲဖြစ်သည့် ကျော်ဇင်လတ်(MFC)နှင့်ထွန်းတောက်မင်း(အဖြူရောင်သွေးသစ်)တို့ပြိုင်ပွဲတွင် ပွဲစသည်နှင့်ထွန်းတောက်မင်းက အရှိန်ပြင်းပြင်း လက်သီးများဖြင့် တရစပ်ထိုးသတ်ခဲ့ရာ ပြိုင်ဘက်ကို ဟန့်တားကာကွယ်နိုင်ခြင်း မရှိသည့်အတွက် ပထမအချီတွင်ပင် ကျော်ဇင်လတ်အနားတောင်းခဲ့ရပြီး အရှုံးပေးလိုက်ရသည်။

ထို့နောက် လေးချီပြိုင်ပွဲတွင် နိုင်ဝင်းထွန်း (Nine Club)က ကြယ်တစ်ပွင့် (MFC Club)ကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဂူသောဒို (MFC Club)က အောင်ကောင်းကျော် (Ray Club)ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိကြသည်။ ကျန်ပွဲစဉ်နှစ်ခုဖြစ်သည့် စောမင်းနိုင် (MFC Club)နှင့် မြလုံးချော(Top One Club)၊ စိန်လုံးချော (MFC Club)နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)တို့ပွဲစဉ်များမှ အနိုင်အရှုံးမပေါ်ဘဲ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။




ထို့အတူ ပြည်တွင်းသုံးချီပြိုင်ပွဲတွင် ရဲမင်းအောင်(Smart Fight Club)နှင့် စိုင်းသစ်မင်း (တော်ဝင်ဧရာ Club)၊ စောထက်အောင်(Smart Fight Club) နှင့် အောင်ဟိန်း(တော်ဝင်ဧရာ Club)၊ ကျားသစ်အောင် (MFC Club)နှင့် ကောင်းထက်ဟိန်း(လုံးချော Club)တို့ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့ပြီး လားကပေါ (MFC Club)နှင့်စောလယ်တာမလား(Ray Club)ပြိုင်ပွဲတွင် လားကပေါက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။

**ဝန်းရံခ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နှင့်ရန်မျိုးလုံရပ်ကွက်တို့ရှိ အန္တရာယ်ရှိလူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိမဟာမုနိဘုရားကြီး အခွန့်ရှည်စွာတည်တံ့နိုင်ရေးနှင့်မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မဟာမုနိဘုရားကြီးရှေ့တော်၌ ကျင်းပပြုလုပ်သော မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံတော်မှ "နဝမ"အကြိမ်ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများပြုပြင်ဆောင်ရွက်နေမှုတို့ကိုတင်ပြလျှောက်ထားပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကြသည်။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံမှအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည်ဩဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက် အတွင်းပိုင်းနှင့်အပြင်ပိုင်း ကြွခိုင်မှုအခြေအနေများ၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ရှေးမူမပျက်ဆောင်ရွက်နေသည့် အခြေအနေများနှင့်ဘုရားကြီး၏ ဘဏ္ဍာတော်တိုက်ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကိုကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နှင့်ရန်မျိုးလုံရပ်ကွက်တို့ရှိ အန္တရာယ်ရှိလူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖြိုချရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား **"ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ"**သို့တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့်အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ရေး အသေးစိတ်ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ ကသဲစုကျေးရွာရှိအခြေခံပညာမူလတန်းကျောင်း၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ရှိ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံရှိ လိုင်းအမှတ်(၁)မှ ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့်လိုင်းအမှတ်(၂)အား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆင်မင်းဘိလပ်မြေစက်ရုံနှင့် ALPHA ဘိလပ်မြေစက်ရုံတို့၌ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မန္တလေးတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၅


ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ငလျင်ဒဏ်နှင့် မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မန္တလေးတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ထပ်မံတည်ဆောက်မည့် လျာထားမြေနေရာနှင့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံခန့်ခွဲရေးရုံးသို့ရောက်ရှိပြီး အိမ်ရာများ တည်ဆောက်ရာတွင် လက်ရာလက်သားကောင်းမွန်စွာဖြင့် ငလျင်ဒဏ်ခံနိုင်အောင် တွက်ချက်ဆောင်ရွက်ရန်နှင့် မြေစမ်းသပ်လုပ်ငန်းဆောင်ရွက်ရန်၊ ဝန်ထမ်းများ အိမ်ရာအတွင်း အိမ်ရာစည်းကမ်းနှင့်အညီ စနစ်တကျနေထိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိကာ ဒုတိယဝန်ကြီးက မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲအမီ သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ရန်၊ လက်ရာလက်သားကောင်းမွန်ပြီး ခိုင်ခံ့ရေး၊ ရှေးမူလက်ရာမပျက် ဦးစားပေးဆောင်ရွက်ရန်နှင့်ဆောင်ရွက်သည့်ကုမ္ပဏီနှင့်တက္ကသိုလ်မှတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်မှာကြားပြီး အင်အားပြင်း ငလျင်ဒဏ်နှင့် မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မန္တလေးတက္ကသိုလ် ပင်မဆောင်ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တရုတ်ရဲ့ ကိုယ်ပျောက်နိုင်တဲ့နည်းပညာအသစ်က ထရမ့်ရဲ့ ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်ကို စိန်ခေါ်လာနိုင်မလား




တရုတ်သိပ္ပံပညာရှင်တွေက အမေရိကန်ရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်အသစ်ဖြစ်တဲ့ ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်ရဲ့ ထိရောက်မှုကို ချိုးနှိမ်နိုင်မယ့် ပစ္စည်းအသစ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီပစ္စည်းကို အနီအောက်ရောင်ခြည်နဲ့ မိုက်ခရိုဝေ့ထောက်လှမ်းရေးစနစ်တွေကို ရှောင်ရှားနိုင်တဲ့ ကိုယ်ပျောက်ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုနိုင်ပြီး မြန်နှုန်းမြင့်လေယာဉ်နဲ့ ဒုံးကျည်တွေအတွက် အထူးသင့်လျော်တယ်လို့ဆိုနိုင်ပါတယ်။

ခေတ်သစ်စစ်မြေပြင်စောင့်ကြည့်ထောက်လှမ်းရေးစနစ်တွေမှာအနီအောက်ရောင်ခြည် (infrared) နဲ့ မိုက်ခရိုဝေ့ (microwave) ထောက်လှမ်းမှုတွေကို အဓိကအားထားပါတယ်။ အနီအောက်ရောင်ခြည်စနစ်တွေက အရာဝတ္ထုတွေကထွက်တဲ့အပူရောင်ခြည်ကိုဖမ်းယူကာ မိုက်ခရိုဝေ့စနစ်တွေက ရေဒါသုံးပြီး ပစ်မှတ်တွေကို ရှာဖွေပါတယ်။

ထောက်လှမ်းရေးနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ကိုယ်ပျောက်ခြင်းနဲ့ဆိုင်တဲ့ကုန်ကြမ်းပစ္စည်းတွေလည်း အဆင့်မြင့်လာပါတယ်။ အခုဆိုရင် မြင်နိုင်တဲ့အလင်းရောင်မှသည် မိုက်ခရိုဝေ့အထိ ပါဝင်တဲ့ ရောင်စဉ်လှိုင်းအမျိုးမျိုးကို ရှောင်ရှားနိုင်တဲ့ ကုန်ကြမ်းပစ္စည်းတွေရှိနေပါပြီ။

ဒါပေမဲ့ အရေးပါတဲ့ စစ်လက်နက်ပစ္စည်းတွေက အပူချိန်မြင့်မားတဲ့ပတ်ဝန်းကျင်မှာ အလုပ်လုပ်ရတာတ်ပါတယ်။ ဒီအပူတွေက လေယာဉ်ပျံသန်းရာမှာဖြစ်တဲ့ အပူ ဒါမှမဟုတ် အင်ဂျင်ကနေထွက်တဲ့ အပူကြောင့် ဖြစ်နိုင်ပါတယ်။ ဒီအခြေအနေတွေက အနီအောက်ရောင်ခြည်ဖြင့်ထောက်လှမ်းမှုကို ပိုမိုထင်ရှားစေပါတယ်။

ဒ့ါအပြင် အပူချိန်မြင့်လာရင်သမားရိုးကျကိုယ်ပျောက်ပစ္စည်းတွေရဲ့ အရည်အသွေးကျဆင်းပြီး ပျက်စီးတာတောင် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ရောင်စဉ်လှိုင်းအမျိုးမျိုးကိုရှောင်ရှားနိုင်ပြီး အပူထိန်းချုပ်နိုင်တဲ့ ကုန်ကြမ်းပစ္စည်းတွေလိုအပ်နေပါတယ်။

ကျဲကျန်းတက္ကသိုလ်မှ ပါမောက္ခလီကျန်းဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့က အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်အထိခံနိုင်ရည်ရှိပြီး လှိုင်းတို၊ လှိုင်းလတ်၊ လှိုင်းရှည်အနီအောက်ရောင်ခြည်အမျိုးမျိုးနဲ့ မိုက်ခရိုဝေ့လက်လှမ်းမီတဲ့အကွာအဝေးအတွင်း ကိုယ်ပျောက်နိုင်စွမ်းရှိတဲ့ကုန်ကြမ်းပစ္စည်းအသစ်ကို တီထွင်ခဲ့ပါတယ်။ ဒီတွေ့ရှိမှုကို Nano–Micro Letters ဆိုတဲ့ ဂျာနယ်မှာ မတ်လ ၂၄ ရက်က ဖော်ပြခဲ့တာပါ။

ဒီကုန်ကြမ်းပစ္စည်းရဲ့ ကိုယ်ပျောက်နိုင်စွမ်းကို သက်သေပြဖို့အတွက် ပါမောက္ခလီကျန်းရဲ့အဖွဲ့က လျှပ်စစ်သံလိုက်သတ္တိကြွခြင်းကိုစုပ်ယူနိုင်စွမ်းရှိတဲ့ သမားရိုးကျအရာဝတ္ထု Blackbody နဲ့နှိုင်းယှဉ်ကြည့်ခဲ့ပါတယ်။ အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်အထိအပူပေးလိုက်တဲ့အခါ အဲဒီကုန်ကြမ်းပစ္စည်းက Blackbody ထက် အပူချိန် ၄၂၂ ဒီဂရီစင်တီဂရိတ်မှသည် ၂၆၈ ဒီဂရီစင်တီဂရိတ်အထိ နည်းပါးတာကိုတွေ့ရပါတယ်။ ရေဒီယိုသတ္တိကြွခြင်းအပိုင်းမှာတော့ Blackbody ထက် လှိုင်းလတ်မိုက်ခရိုဝေ့မှာ ၆၃ ဒသမ ၆ ရာခိုင်နှုန်းနဲ့ လှိုင်းတိုမိုက်ခရိုဝေ့မှာ ၃၇ ဒသမ ၂ ရာခိုင်နှုန်း ပိုနည်းတာကို တွေ့ရပါတယ်။

ဒီကုန်ကြမ်းပစ္စည်းမှာ အဓိကဆန်းသစ်မှုက အလွှာလိုက်ပေါင်းစပ်ဖွဲ့စည်းပုံဖြစ်ပါတယ်။ အပေါ်ဆုံးအလွှာက စိုထိုင်းမှုကို ကာကွယ်ပေးပြီး အောက်ခြေအလွှာက မျက်နှာပြင်နဲ့ ကောင်းစွာကပ်နိုင်အောင် ကူညီပေးပါတယ်။

ဒ့ါအပြင် လေဆာနဲ့တိကျစွာ အပေါက်ဖောက်ထားတဲ့ အလွှာစုံဖလင်ပြားက မိုက်ခရိုဝေ့ဖြတ်သန်းမှုကိုခွင့်ပြုပေးပြီး အနီအောက်ရောင်ခြည်ကိုလည်း ရှောင်ရှားနိုင်စွမ်းရှိပါတယ်။

ပါမောက္ခလီကျန်းက "ကျွန်တော်တို့ရဲ့ ကုန်ကြမ်းပစ္စည်းက အပူချိန်မြင့်မားတဲ့အခြေအနေမှာတောင် အနီအောက်ရောင်ခြည်နဲ့ မိုက်ခရိုဝေ့တို့ရဲ့ရန်မှ ရှောင်ရှားတဲ့ကိုယ်ပျောက်စွမ်းရည်ကို တစ်ပြိုင်နက်တည်းထိရောက်စွာ လုပ်ဆောင်နိုင်ပါတယ်"လို့ ဆိုပါတယ်။

**ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်နဲ့ တရုတ်ရဲ့ လျှို့ဝှက်နည်းပညာ**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့အစိုးရက အမေရိကန်ရဲ့ ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်ကို လာမယ့်နှစ်အနည်းငယ်အတွင်းတည်ဆောက်မယ်လို့ မေလ ၂၀ ရက်မှာကြေညာခဲ့ပါတယ်။ ဒီစနစ်က ဒုံးကျည်တွေ၊ အသံနှုန်းလွန်လက်နက်တွေ၊ အနိမ့်ပျံဒုံးကျည်တွေရဲ့ရန်ကနေ ကာကွယ်ဖို့ရည်ရွယ်ပြီး အာကာသမှ ခြေရာခံနိုင်တဲ့ စနစ်တွေပါဝင်မယ်လို့ သိရပါတယ်။

L3Harris ဆိုတဲ့ကုမ္ပဏီက အမေရိကန်ရဲ့ အသံနှုန်းလွန်လက်နက်တွေကို အာကာသကနေ ခြေရာခံဖို့ ဂြိုဟ်တုတွေကို လွှတ်တင်ခဲ့ဖူးပါတယ်။ ဒီကုမ္ပဏီရဲ့ အာကာသနဲ့လေကြောင်းစနစ်များဌာနမှတာဝန်ရှိသူတစ်ဦးက The Washington Times သတင်းစာနဲ့ တွေ့ဆုံစဉ် "ကျွန်တော်တို့ရဲ့ ဂြိုဟ်တုတွေက ကမ္ဘာပေါ်က အပူလက္ခဏာတွေကို အာကာသကနေခြေရာခံနိုင်ပါတယ်။ အသံနှုန်းလွန်လက်နက်ရဲ့ အပူချိန်ကို ရှာဖွေပြီး ခြေရာခံနိုင်တယ်"လို့ ပြောခဲ့ပါတယ်။

ဒါကြောင့် ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်က အနီအောက်ရောင်ခြည်နည်းပညာကို အဓိကသုံးမယ်ဆိုရင် တရုတ်နိုင်ငံကတီထွင်လိုက်တဲ့ ကိုယ်ပျောက်ကုန်ကြမ်းပစ္စည်းက ဒုံးကျည်တွေကို ဖမ်းမိနိုင်စေမယ့်အခွင့်အလမ်းကို သိသိသာသာလျှော့ချနိုင်မှာဖြစ်ပါတယ်။

ဒီပစ္စည်းက အပူစွန့်ထုတ်မှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်ပါတယ်။ အပူချိန် ၇၀၀ ဒီဂရီစင်တီဂရိတ်မှာ သာမန်သတ္တုတွေထက် အပူကိုပိုမိုထိထိရောက်ရောက်ဖြန့်ထုတ်နိုင်ပါတယ်။ အသံထက် နှစ်ဆမြန်တဲ့အရှိန်နဲ့ ပျံသန်းနေတဲ့ လေယာဉ်တစ်စင်းရဲ့ အခြေအနေမှာဆိုရင် ဒီပစ္စည်းက သာမန်ပစ္စည်းတွေထက် အပူချိန် ၇၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ် ပိုအေးနေစေမှာပါ။

ဒါကြောင့် ပါမောက္ခလီကျန်းက "ဒီပစ္စည်းကို ထုတ်လုပ်တဲ့နည်းပညာက ရိုးရှင်းပြီးစက်မှုလုပ်ငန်းတွေမှာ အလွယ်တကူအသုံးချနိုင်ပါတယ်။ ဒီတီထွင်မှုက စစ်ရေးနဲ့ အရပ်ဘက်နည်းပညာတွေအတွက် အလားအလာကြီးမားတဲ့ အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ပါတယ်"လို့ ဆိုပါတယ်။

မည်သို့ပင်ဆိုစေကာမူ အမေရိကန်ရဲ့ ရွှေကွန်ချာစနစ်က အဆင့်မြင့်ဒုံးကျည်တွေကို ထောက်လှမ်းသိရှိပြီး ပစ်မှတ်အဖြစ်မှတ်သားနိုင်စွမ်းရှိမယ်လို့ အမေရိကန်အစိုးရကဆိုထားချိန်မှာ ဒီလိုမျိုးထောက်လှမ်းမှုကိုကျော်လွှားနိုင်မယ့် နည်းပညာမြင့်ပစ္စည်းတစ်မျိုးကို တရုတ်နိုင်ငံကဖော်ထုတ်ပြသလိုက်တာကြောင့် ဒီကုန်ကြမ်းပစ္စည်းဟာ အမေရိကန်ရဲ့ ရွှေကွန်ချာဒုံးကျည်ကာကွယ်ရေးစနစ်အတွက်တော့ စိန်ခေါ်မှုတစ်ခုဖြစ်လာစေမှာ အမှန်ပဲဖြစ်ပါတယ်။ ။

Ref: SCMP

ကိုထက်

# အီရတ်နိုင်ငံရှိ ရေလှောင်ကန်များ နှစ်ပေါင်း ၈၀ အတွင်း အနိမ့်ဆုံးပမာဏရောက်ရှိ

အီရတ်၊ ဘဂ္ဂဒက်

အီရတ်နိုင်ငံရှိ ရေလှောင်ကန်များသည် နှစ်ပေါင်း ၈၀ အတွင်းအနိမ့်ဆုံးအဆင့်သို့ရောက်ရှိလာပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက မေလ ၂၅ ရက်တွင်ပြောသည်။

အထူးသဖြင့် ခြောက်သွေ့သည့်မိုးရာသီကာလပြီးနောက် ယခုကဲ့သို့ရေလှောင်ကန်များတွင် ရေများလျော့နည်းလာခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာရခြင်းသည် အီရန်နှင့် တူကီယဲနိုင်ငံတို့၌ ဆည်တမံများတည်ဆောက်ခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါတမံများကြောင့် တစ်ချိန်က ရေစီးသန်လှသည့် တီဂရစ်နှင့်ယူဖရေးတီးမြစ်တို့မှာ ရေများလျော့နည်းသွားရကြောင်း အီရတ်အစိုးရတာဝန်ရှိသူတစ်ဦးကဆက်ပြောသည်။

သို့ရာတွင် ရာသီဥတုပြောင်းလဲမှု၊ မိုးခေါင်ရေရှားမှု၊ အပူချိန်မြင့်တက်မှုနှင့် မိုးရွာသွန်းသည့်ပမာဏနည်းပါးမှုတို့ကြောင့် အီရတ်နိုင်ငံအနေဖြင့် ဆိုးဝါးလှသော သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် ရေပြတ်လပ်မှုကြောင့် လယ်သမားအများစုသည် လယ်ယာမြေများကိုစွန့်လွှတ်လာရသကဲ့သို့ အစိုးရဘက်ကလည်း ပြည်သူများအား သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေးအတွက် လယ်ယာလုပ်ငန်းများတွင် ရေသုံးစွဲမှုကိုလျှော့ချထားရသည့်အတွက် နိုင်ငံအတွင်းစားနပ်ရိက္ခာပြတ်လပ်မှုနှင့်ရင်ဆိုင်လာရနိုင်ကြောင်း တာဝန်ရှိသူများကသတိပေးထားသည်ဟုသိရသည်။

Ref: TST

# အမေရိကန်အနေဖြင့် အခြားနိုင်ငံများအပေါ် စစ်ရေးခြိမ်းခြောက်မှုများမလုပ်ရန် မြောက်ကိုရီးယားတိုက်တွန်း

ပြုံယမ်း၊ စစ်ရေး

အမေရိကန်အနေဖြင့် အခြားနိုင်ငံများအပေါ် စစ်ရေးခြိမ်းခြောက်မှုများမလုပ်ရန်တိုက်တွန်းကြောင်း မြောက်ကိုရီးယားအစိုးရက မေလ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။

“အမေရိကန်နိုင်ငံအနေနဲ့ သူ့နိုင်ငံရဲ့ လုံခြုံရေးအတွက်အာမခံချက်ဟာ အခြားနိုင်ငံများအပေါ် စစ်ရေးအရခြိမ်းခြောက်မှုများလုပ်ဆောင်နေခြင်းကို စွန့်လွှတ်လိုခြင်းရှိ၊ မရှိဆိုတဲ့အခြေအနေအပေါ် မူတည်နေပါတယ်”ဟု မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ မူဝါဒရေးရာရုံးအကြီးအကဲက ထုတ်ပြန်ထားခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံမှ ခြိမ်းခြောက်မှုရှိသည်ဟုအကြောင်းပြကာ စစ်လက်နက်ပစ္စည်းများကို တိုးမြှင့်ဖြန့်ကြက်လာနေခြင်းဖြစ်ကြောင်း၊ အလားတူ အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားတိုးမြှင့်နေခြင်းအပေါ် ရန်စမှုများလုပ်ဆောင်နေကြောင်း အဆိုပါမူဝါဒရေးရာရုံးအကြီးအကဲကဆိုသည်။

အမေရိကန်စစ်ဘက်က မကြာသေးမီက တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ချိန်တွင် ယင်းတို့၏လုပ်ဆောင်ချက်က ကာကွယ်ရေးအရဖြစ်သည်ဟုဆိုထားပြီး မြောက်ကိုရီးယားက အလားတူလုပ်ဆောင်ချိန်တွင် ထိုလုပ်ဆောင်ချက်ကို အန္တရာယ်ဖြစ်စေသည်ဟုဆိုလာခြင်းက ယုတ္တိမရှိသောအတွေးအခေါ်ဖြစ်ကြောင်း ထိုအကြီးအကဲကဆက်ပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ ဗျူကလီးယားလက်နက်အင်အားတိုးချဲ့မှုမှထွက်ပေါ်လာသည့်လုံခြုံရေးအရမတည်ငြိမ်မှုကို ဟန့်တားနိုင်ရေးအတွက်သာလုပ်ဆောင်နေခြင်းဖြစ်သည်ဟု ၎င်းကပြောထားသည်။

Ref: Yonhap



# တရုတ်၏ အဆင့်မြင့်လေယာဉ်တင်သင်္ဘော ရှစ်ကြိမ်မြောက် ပင်လယ်ပြင်စမ်းသပ်

ပေကျင်း၊ ပြည်တွင်းရေး

တရုတ်နိုင်ငံ၏အဆင့်အမြင့်ဆုံးသော ပြည်တွင်းဖြစ်လေယာဉ်တင်သင်္ဘောဖြစ်သည့်ဖူကျန်းက ပြင်းထန်သောပင်လယ်ပြင်အတွင်း လက်တွေ့စမ်းသပ်မှုကို ရှစ်ကြိမ်မြောက်အဖြစ်လုပ်ဆောင်ကြောင်း ပြည်တွင်းသတင်းဌာနများက ဖော်ပြထားသည်။

အဆိုပါလက်တွေ့စမ်းသပ်မှုအတွင်း ထိုလေယာဉ်တင်သင်္ဘောနှင့်တွဲဖက်တိုက်ပွဲဝင်မည့် ပဥ္စမမျိုးဆက် J-35 တိုက်လေယာဉ်များအနေဖြင့် လေယာဉ်တင်သင်္ဘောမှပျံတက်ခြင်းနှင့် ဆင်းသက်ခြင်းများကို အဆင်ပြေစွာလုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိ စမ်းသပ်မှုများကိုလည်းလုပ်ဆောင်သည်ဟု CCTV သတင်းဌာနကဖော်ပြထားသည်။



ဖူကျန်းလေယာဉ်တင်သင်္ဘောသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ တတိယမြောက်လေယာဉ်တင်သင်္ဘောဖြစ်ပြီး ၎င်းတွင်ပထမဆုံးသော အဆင့်မြင့်လျှပ်စစ်သံလိုက်စနစ်သုံး လေယာဉ်ပစ်လွှတ်စနစ်ကို အသုံးပြုထားခြင်းဖြစ်သည်။

ထိုလေယာဉ်တင် သင်္ဘောသည် ကမ်းလွန်ကာကွယ်ရေးလုပ်ငန်းများတွင် ရေတပ်၏စွမ်းဆောင်ရည်များကို အမြင့်ဆုံးရောက်ရှိစေမည်ဖြစ်ကြောင်း သတင်းဌာနကပြောထားသည်။

Ref: SCMP

# ထရမ့်၏သွင်းကုန်အခွန်ကြောင့် ဂျာမနီကိုယူရိုဘီလီယံ ၂၀၀ နစ်နာစေမည်

ဘာလင်၊ စီးပွားရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျာမနီအပေါ်ချမှတ်သည့် သွင်းကုန်အခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံခြင်းသည် ၎င်း၏သမ္မတသက်တမ်းတစ်လျှောက်လုံးရှိနေမည်ဆိုပါက ၂၀၂၈ ခုနှစ်အထိ ဂျာမနီနိုင်ငံ၏ စီးပွားရေးအရဆုံးရှုံးမှုမှာ ယူရိုဘီလီယံ ၂၀၀ အထိရှိလာမည်ဖြစ်ကြောင်း ဂျာမန်စီးပွားရေးဌာနမှ ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ ပင်မကုန်သွယ်ဖက်နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း ကုန်သွယ်မှုပမာဏ ယူရို ၂၅၃ ဘီလီယံရှိသည်။ အဆိုပါကုန်သွယ်မှုပမာဏအနက် ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုပိုငွေမှာ ယူရို ၁၇ ဒသမ ၇ ဘီလီယံအထိရှိသည်။ ဥရောပသမဂ္ဂအနေဖြင့် အန္တရာယ်များသောစီးပွားရေးမူဝါဒများကိုချမှတ်နေသည်သာမက အမေရိကန်ကုမ္ပဏီများကို မျှတစွာမဆက်ဆံကြောင်း ထရမ့်ကပြောထားသည်။

Ref: RT

## သတင်းတိုကဏ္ဍ

# ရုရှားနှင့်ယူကရိန်းတို့ကြား အကျဉ်းသား ၁၀၀၀ စီ အပြန်အလှန်လဲလှယ်မှုပြီးဆုံး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား မကြာသေးမီကရရှိထားသော သဘောတူညီချက်ဖြစ်သည့် အကျဉ်းသား ၁၀၀၀ စီအပြန်အလှန်လဲလှယ်မှုသည် မေလ ၂၅ ရက်တွင်ပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

မေလ ၂၅ ရက်တွင် အဆိုပါသဘောတူညီချက်၏ နောက်ဆုံးအသုတ်အဖြစ် အကျဉ်းသား ၃၀၃ ဦးစီကို အပြန်အလှန်လဲလှယ်လိုက်ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိတွင် ယူကရိန်းလက်တွင်းမှ ပြန်လည်လွတ်မြောက်လာသော ရုရှားစစ်သည်များသည် ဘယ်လာရုစ်နိုင်ငံ၌ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်လိုအပ်သောစိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ခံယူနေကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား သုံးနှစ်အတွင်း ပထမဆုံးတိုက်ရိုက်ဆွေးနွေးမှုရလဒ်အဖြစ် အကျဉ်းသားလဲလှယ်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Sputnik

# အန္တရာယ်ရှိသောကုန်ပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်သင်္ဘော ကီရာလာကမ်းရိုးတန်း၌နစ်မြုပ်

အန္တရာယ်ရှိသော ကုန်ပစ္စည်းများတင်ဆောင်လာသည့် လိုက်ဘေးရီးယားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းသည် အိန္ဒိယနိုင်ငံ ကီရာလာကမ်းရိုးတန်းအလွန်၌ ရေကြီးမှုကြောင့် နစ်မြုပ်သွားကြောင်း သိရသည်။

အဆိုပါကုန်တင်သင်္ဘောတွင် ရေယာဉ်အမှုထမ်း ၂၄ ဦးလိုက်ပါလာပြီး ၎င်းတို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက မေလ ၂၅ ရက်တွင်ထုတ်ပြန်ထားသည်။

ကုန်တင်သင်္ဘောသည် ကုန်သေတ္တာအလုံးပေါင်း ၆၄၀ ကိုတင်ဆောင်လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် ကုန်သေတ္တာ ၁၃ လုံးတွင် အန္တရာယ်ရှိသောကုန်ပစ္စည်းများ၊ ကုန်သေတ္တာ ၁၂ လုံးတွင် ကယ်လဆီယံကာဘိုက်များပါဝင်ကြောင်း၊ ထို့ပြင် ဒီဇယ်ဆီ ၈၄ ဒသမ ၄၄ မက်ထရစ်တန်နှင့် ရေနံဆီ ၃၆၇ ဒသမ ၁ မက်ထရစ်တန်တို့ကိုပါတင်ဆောင်လာခြင်းဖြစ်ကြောင်း၊ မေလ ၂၄ ရက်ညပိုင်းတွင် သင်္ဘောမှအန္တရာယ်အချက်ပေးမှုကိုရရှိပြီးနောက် ၂၅ ရက်နံနက်ပိုင်းတွင် နစ်မြုပ်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: Xinhua

# ပန်ဂျပ်ပြည်နယ်၌ ရာသီဥတုဆိုးဝါးမှုကြောင့် လူ ၁၉ ဦးသေဆုံးပြီး ၉၀ ကျော်ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မိုးသီးများကြွေကျမှုနှင့် လေပြင်းများ တိုက်ခတ်မှုတို့ကြောင့် အနည်းဆုံးလူ ၁၉ ဦးသေဆုံးပြီး ၉၀ ကျော် ဒဏ်ရာရရှိသွားကြောင်းသိရသည်။

ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများသည် အဆောက်အအုံများပြိုကျမှုနှင့် သစ်ပင်များပြိုလဲမှုတို့ကြောင့် ဒုက္ခများကို ခံစားရခြင်းဖြစ်ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက မေလ ၂၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ဒဏ်ရာရရှိသူများ၊ သေဆုံးသူများသည် ရာသီဥတုဆိုးဝါးမှုအတွင်း အိမ်ခေါင်မိုးများ၊ နံရံများပြိုကျပြီး ထွက်ပေါက်များကိုပိတ်ထားသလိုဖြစ်သည့်အတွက် ရွှံ့ညွန်များ၊ အဆောက်အအုံအပျက်အစီးများကြားတွင် ရှိနေသူများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ထိုသို့ရာသီဥတုဆိုးဝါးမှုသည် မေလ ၂၄ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

Ref: Xinhua

# အာရပ်စော်ဘွားများပြည်ထောင်စု၌ မေလအတွင်း အပူချိန်က ၅၁ ဒသမ ၆ ဒီဂရီအထိမြင့်တက်

အာရပ်စော်ဘွားများပြည်ထောင်စု၌ မေလအတွင်းအပူချိန်သည် ၅၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာကြောင်း၊ ထိုကဲ့သို့ အပူချိန်မြင့်တက်ခြင်းသည် နှစ်ရက်ဆက်တိုက်ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက မေလ ၂၄ ရက်တွင်ထုတ်ပြန်သည်။

အာရပ်စော်ဘွားများပြည်ထောင်စု၌ အပူချိန်တိုင်းတာမှတ်တမ်းတင်ခြင်းကို ၂၀၀၃ ခုနှစ်တွင်စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းနောက်ပိုင်းတွင် ၎င်းတို့၏အမြင့်ဆုံးစံချိန်တင်အပူချိန်မှာ ၂၀၁၀ ပြည့်နှစ်တွင် ၅၂ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခြင်းဖြစ်သည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ထိပ်တန်းရေနံတင်ပို့သည့်နိုင်ငံဖြစ်သော်လည်း ကမ္ဘာ့အပူဆုံးဒေသတစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကို မကြာခဏခံစားရလေ့ရှိသည့်နိုင်ငံဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာတစ်ဝန်း၌ အလွန်ပူပြင်းသည့်နေ့ရက်များအရေအတွက်မှာ နှစ်ဆမြင့်တက်လာကြောင်း သိရသည်။

Ref: BP

# တောင်သူဦးကြီးများအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းရှင်များ၏ ပြည်တွင်းထုတ်လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ဈေးနှုန်းချိုသာစွာဖြင့် လိုအပ်သလို ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## AGRO FUTURE MYANMAR

အမှတ်(၁၀၅၆)၊ ဆိုရှယ်လစ်(၆)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့နယ်၊
၀၉-၄၄၃၃၁၄၇၅၇၊ ၀၉- ၄၂၈၁၉၂၈၃၈။

**8 – ROW TRANSPLANTER(လူစီးကောက်စိုက်စက်)**



➢ အသုံးပြုရမည့် အင်ဂျင်ပါဝါ – 5.9 Hp
➢ တစ်ရက်ပြီးစီးမှုဧက – ၅ ဧကနှင့် အထက်
➢ ဆီစားနှုန်း – တစ်နာရီ ၀.၅ လီတာ(ဒီဇယ်)
➢ ပင်ခြား – ၅ လက်မ၊ ၆.၅ လက်မ(2 Modes)
➢ တန်းခြား – ၈ လက်မ

**6 –ROW RICE TRANSPLANTER(အင်ဂျင်ပါ)**




➢ အသုံးပြုရမည့် အင်ဂျင်ပါဝါ – 2 Hp
➢ တစ်ရက်ပြီးစီးမှုဧက – ၃ ဧက
➢ ဆီစားနှုန်း – တစ်နာရီ ၀.၅ လီတာ
➢ ပင်ခြား၊တန်းခြား – ၆ လက်မ x ၈ လက်မ
➢ အာမခံသက်တမ်း – (၆)လ

**SPRAYER**




➢ အသုံးပြုရမည့် အင်ဂျင်ပါဝါ – 5.36 Hp
➢ တစ်ရက်ပြီးစီးမှုဧက – ၅ ဧကနှင့် အထက်
➢ ဆီစားနှုန်း – တစ်နာရီ ၀.၅ လီတာ

## ရွှေဝါထွန်းလယ်ယာသုံးစက်မှုလုပ်ငန်း

ဘုရင့်နောင်လမ်းမကြီး၊နဝဒေးရပ်ကွက်၊ပြည်မြို့၊၀၉ ၇၉၄၄၇၇၈၅၅။

**(၈)တန်းသွား မျိုးစေ့ချကိရိယာ(Drum Seeder)**



➢ အတန်းအရေအတွက် – (၈)တန်း
➢ တန်းကြား – (၈)လက်မ
➢ တစ်ရက်ပြီးစီးဧက – ၃ ဧကနှင့်အထက်
➢ အာမခံသက်တမ်း – (၁)နှစ်

**(၆)တန်းသွား လက်ဆွဲကောက်စိုက်စက် (အင်ဂျင်ပါ)**



➢ Engine Power – 1 Hp ဓာတ်ဆီ
➢ အတန်းအရေအတွက် – (၆)တန်း
➢ တန်းကြား – (၈)လက်မ
➢ တစ်ဧကဆီကုန်နှုန်း – (၀.၅)လီတာ
➢ တစ်ရက်ပြီးစီးဧက – ၃ ဧကနှင့်အထက်
➢ အာမခံသက်တမ်း – (၁)နှစ်

**(၄)တန်းသွား လက်ဆွဲကောက်စိုက်စက် (အင်ဂျင်မပါ)**



➢ အတန်းအရေအတွက် – (၄)တန်း
➢ တန်းကြား – (၈)လက်မ
➢ တစ်ရက်ပြီးစီးဧက – ၃ ဧကနှင့်အထက်
➢ အာမခံသက်တမ်း – (၁) နှစ်

## ဦးမြင့်ထွေးလယ်ယာသုံးစက်မှုလုပ်ငန်း

အမှတ်(၉၀)၊ ရန်ကုန်-ပြည်ကားလမ်းဘေး၊ ရေဝေရပ်ကွက်၊
သာယာဝတီမြို့
၀၉-၄၃၀၄၃၈၄၆၊ ၀၉-၆၇၃၅၉၁၁၄၄

**နှမ်းပေါင်ကြီးတင် မျိုးစေ့ချကိရိယာ**





➢ စိုက်ပေါင်အကျယ် – (၄)ပေ
➢ စိုက်ပေါင်အမြင့် – (၉)လက်မ
➢ လုပ်ငန်းပြီးစီးမှု – တစ်ရက်လျှင်(၈)ဧကနှုန်း
➢ တစ်ဧကဆီကုန်နှုန်း – ဒီဇယ်ဆီ(၂)ဂါလန်ခန့်
➢ အသုံးပြုပုံ – မြင်းကောင်ရေ(၆၀)လယ်ထွန်စက်ဖြင့် တွဲဖက်အသုံးပြုသည့်ကိရိယာ


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောင်အသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၀ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပြင်ဦးလွင်
အာရေးဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ
အသုံးပြုထားကြောင်း အာမခံပါသည်။
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
NAN MYAING
2 in 1
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
အငြိမ်းစား လစာအပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့်
ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

# အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အားကစားကွင်း၊ ရုံများကိုကြည့်ရှုစစ်ဆေး



တောင်ကြီး မေ ၂၅

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျောင်းအုပ်ချုပ်မှုရုံးရှိ ရုံးခန်း၊ ဆေးခန်းများကို ကြည့်ရှုစစ်ဆေးကာ ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ကျောင်းဆေးခန်းအား သင်တန်းသား၊ သင်တန်းသူများအတွက် အမှန်တကယ် ထိရောက်သည့်ကုသမှုရှိအောင်ဆောင်ရွက်ရန်နှင့်သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များ အမြဲသန့်ရှင်းသပ်ရပ်စွာထားရှိရေး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက နေ့စဉ်စစ်ဆေး၍ စစ်ဆေးချက်မှတ်တမ်းထားရှိ ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ခံဝန်ထမ်းများနှင့် တွေ့ဆုံ၍ဝန်ထမ်းများသည်လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများအား နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့် အညီ စနစ်တကျမှန်ကန်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် အလေးအနက်ထားဂရုပြု၍ မိမိတို့လုပ်ငန်းဆောင်တာများကို အစဉ်အမြဲဂရုပြုမှုလှုပ်ရှားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုက်ကွမ်ဒိုအားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်းလေ့ကျင့်နေမှုကိုကြည့်ရှုစစ်ဆေးကာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအလိုက် ပြိုင်ပွဲများ ကျင်းပရန်ရှိသဖြင့် အားကစားနည်းအလိုက် စံချိန်ကောင်းများရရှိအောင် လေ့ကျင့်ရန်နှင့် ကျောင်းအုပ်ကြီးအပါအဝင် တာဝန်ရှိသူများအားလုံး အားကစားနည်းများအလိုက် အခြေခံသဘောတရား၊ ဥပဒေသများကို ကိုယ်တိုင်သိရှိနားလည်၍စံပြနေထိုင်လုပ်ကိုင်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အားကစားကွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်(ပြည်နယ်၊ ပြန်/ဆက်)**

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွား





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အမှတ်(၆၈၇)အဆန် ကျောက်ရထားလမ်းချော်ကျမှုအခြေအနေ။

နေပြည်တော် မေ ၂၅

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသောနေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ အလစ်အငိုက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ပဲခူး-မော်လမြိုင်လမ်းပိုင်း၌ သဲဖြူကုန်းမှ ကလိခရီးစဉ်အဖြစ် ထွက်ခွာလာသည့်အမှတ်(၆၈၇)အဆန် ကျောက်ရထားသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်ဘူတာမှ နံနက် ၅ နာရီ ၁၀ မိနစ်တွင်ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၂၃/၂၃-၂၄ အရောက် ရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၈ နာရီ ၄၅ မိနစ်အချိန်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင်ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက် စက်ခေါင်းမောင်း နားနေတွဲနှင့် ကျောက်တွဲ (၅)တွဲတို့ လမ်းချော်ကျမှုဖြစ်ပွားကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအားမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းအား နံနက် ၈ နာရီ ၅၁ မိနစ်အချိန်တွင် လမ်းပိုင်းအား ခေတ္တပိတ်သိမ်း၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန်လူစီးရထားသည် နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် သိမ်ဇရပ်ဘူတာသို့ ရောက်ရှိရပ်နားထားသည်။ ထို့အတူ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့နံနက် ၉ နာရီ ၇ မိနစ်အချိန်တွင် သဲဖြူကုန်းဘူတာသို့ ရောက်ရှိရပ်နားထားသည်။ မြန်မာ့မီးရထားက အဆိုပါရထားများအား ခရီးအစဘူတာများဖြစ်သည့် ရန်ကုန်နှင့် မော်လမြိုင်ဘူတာသို့ ပြန်လည်ထွက်ခွာပြီးခရီးသည်များအား လက်မှတ်ခများ ပြန်လည်ပေးအပ်ကြောင်းသိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၈၂)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၆)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအားမီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့်တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား အမှတ်(၆၈၇)အဆန်ကျောက်ရထားလမ်းချော်ကျမှုအခြေအနေ။

(၁၀၀)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၈၃၇ ဧက ခူးဆွတ်ပြီးစီး



ငပုတော မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၈၃၇ ဧက ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၈၃၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါပဲတီစိမ်းများကို မတ်လနောက်ဆုံးပတ်က စတင်ခူးဆွတ်ခဲ့ရာ ယခုအခါ ဧကအားလုံးခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၁၄ ဒသမ ၄၄ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''ငပုတောမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၈၃၇ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံးခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ သီးနှံလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားလိုအပ်တာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ အပင်ပေါက်အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ဦးဆန်းဝင်းကပြောသည်။

ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေး စသည့် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ်၌ ပဲတီစိမ်းများ ခူးဆွတ်ပြီးစီးပြီဖြစ်သဖြင့် ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် သီးနှံဈေးနှုန်းများလည်း တည်ငြိမ်ကျဆင်းစေကာ စိုက်ပျိုးတောင်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေး

တနိုင်း မေ ၂၅

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို (၁၁) ကြိမ်မြောက်အဖြစ် မေလ ၂၄ ရက်က မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာ၌ ထုတ်ချေးပေးသည်။


ရှေးဦးစွာ တနိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးက မိုင်းခွန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၆၉၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မိုင်းခွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၇ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၆၉၈ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စိန်လွင် (ကျေးလက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းလိုင်စင်လျှောက်ထားသည့် ရွှေဆိုင် ၁၅၀၀ အထိရှိလာ



ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းလိုင်စင်လျှောက်ထားသည့် ရွှေဆိုင် ၁၅၀၀ အထိရှိလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

''လက်ရှိအချိန်ထိ လုပ်ငန်းလိုင်စင်လျှောက်ထားပြီးတဲ့ဆိုင် ၁၅၀၀ လောက်မှာ ၁၀၀၀ လောက်က လိုင်စင်ထုတ်ယူပြီးပါပြီ။ အခုလျှောက်ထားတာ ဆိုင်ကြီးတွေများပါတယ်။ ဆိုင်သေးတွေ ကျန်နေသေးတယ်'' ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

လိုင်စင်လျှောက်ထားရာတွင် မူလသတ်မှတ်ထားသည့် နောက်ဆုံးလျှောက်ထားရမည့် ရက်သတ်မှတ်ချက်ကိုလည်း ဖြေလျှော့ပေးထားပြီး ထပ်မံလျှောက်ထားခွင့်ပေးနေကြောင်း၊ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လုပ်ငန်းပမာဏ၏ ၂၅ ရာခိုင်နှုန်းနှင့်ညီမျှသည့် ငွေကြေးပမာဏကို ဘဏ်တွင်အပ်နှံထားသောအထောက်အထား (Bank Statement)တင်ပြရမည်ဖြစ်ပြီး အရောင်းအဝယ်ပမာဏကို ရွှေအချိန်နှင့် ဖော်ပြပေးရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ အဖွဲ့ဝင်ဖြစ်ကြောင်းထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး၏ ရွှေဆိုင်အတွက် လိုင်စင်လျှောက်ထားခြင်းကို ကန့်ကွက်မှုမရှိကြောင်း ထောက်ခံချက်၊ ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်များကိုပါ ပူးတွဲတင်ပြရမည်ဖြစ်သည်။

ယင်းအပြင် အခွန်ဆောင်ထားသည့် သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်ရှိပါကလည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ရွှေဆိုင်များအနေဖြင့် မြေပြင်တွင်လည်း ရွှေရောင်းဝယ်ခြင်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်းနှင့် အွန်လိုင်းတွင် ရောင်းချပါက အွန်လိုင်းလိုင်စင်လျှောက်ထားရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ဝါဝါ**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

ပျော်ဘွယ် မေ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းလှသာစည်ကျေးရွာရှိ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို မေလ ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချခဲ့သည့် စာတွေ့လက်တွေ့သင်ခန်းစာများကို စနစ်တကျလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းနယ်ပယ်၌ အသုံးချကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်သည့်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သီးနှံအခြေခံစားသောက်ကုန်များဖြစ်သည့် ခရမ်းချဉ်သီးယို၊ ဆီးယို၊ သင်္ဘောသီးယို၊ သရက်ယိုနှင့် မန်ကျည်းတော်ဖီပြုလုပ်နည်းများကို ကျွမ်းကျင်နည်းပြများက ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၆/မမ/CE | 18 mm Ø Spring Steel(383) Tons ဝယ်ယူရန် |
| ၂ | ၃၇/မမ/CME | CU/PVC/PVC Wire (Single) 7/.064 (100 Yds/Coil)အပါအဝင် လျှပ်စစ်ပစ္စည်း(၁၅)မျိုးဝယ်ယူရန် |
| ၃ | ၃၈/မမ/CME | Rectifier with AVR (DC-24 V) အပါအဝင် လျှပ်စစ်ပစ္စည်း(၁၅)မျိုးဝယ်ယူရန် |
| ၄ | ၃၉/မမ/CME | 250 kVA Diesel Engine Generator (Sound Proof)with ATS အပါအဝင် မီးစက်(၂)မျိုးဝယ်ယူရန် |
| ၅ | ၄၀/မမ/CME | 2V, 300 Ah Wet Cell အပါအဝင် Battery (၂)မျိုးဝယ်ယူရန် |
| ၆ | ၄၁/မမ/CME | 0.6/1kV, AL/XLPE Insulated ABC Cable 1C x 95 $mm^2$ အပါအဝင် ပါဝါလျှပ်စစ်ပစ္စည်း(၂၄)မျိုးဝယ်ယူရန် |
| ၇ | ၄၂/မမ/CE | **တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း** တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် တာပေါင်မြေဖို့ခြင်း (၁၉၉,၆၁၀.၈၃)ကျင်း (နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၆-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၂ မှ ၆) (၁၃-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၇)(၂၃-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် HT မီတာ (၂၀၀)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၆-၅-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၀-၆-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်(SSB Information System)၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်သွားရန် နှစ်ဆင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1) - Data Center နှင့် Telecommunication Infrastructure လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့၏ Server၊ Firewall နှင့် Cisco Switch များ လိုင်စင်သက်တမ်းတိုးခြင်း။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၂၆-၅-၂၀၂၅ ရက်(တနင်္လာနေ့) |
| (ခ) | တင်ဒါပုံစံ နောက်ဆုံးရောင်းချမည့်ရက် | - | ၁၀-၆-၂၀၂၅ ရက်(အင်္ဂါနေ့) |
| (ဂ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ | - | စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-၃/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဃ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် | - | ၂၃-၆-၂၀၂၅ ရက်(တနင်္လာနေ့) ညနေ(၄:၃၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://ssb.gov.mm တို့တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၅၂၊ ၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၀၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း
မိဆာယား(ဘ)ဦးဒီးရဲ့ဘော် ၁/ဝမန(နိုင်)၀၉၄၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၄၀၈၉၁၆၉

### ပျောက်ဆုံးကြောင်း
ကျော်မင်းထွန်း(ဘ)ဦးစံမင်း ၅/ယမပ(နိုင်)၁၂၅၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 729245)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
သီဟ(ဘ)ဦးဘလှိုင် ၁၂/မရက(နိုင်)၁၄၈၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MM 805573)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ယွန်းပိုးအိ(ဘ)ဦးခင်မောင်လေး ၈/အလန(နိုင်)၂၆၃၈၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟိန်းမင်းလတ်(ဘ)ဦးဟန်ဝင်း ၇/ဝမန(နိုင်)၂၁၉၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 222099)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၄၆၄၈၁၄

### ပျောက်ဆုံးကြောင်း
ခင်သူဇာ(ဘ)ဦးမြင့်သိန်း ၉/ကပတ(နိုင်)၃၀၈၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်မျိုးထွဋ်(ဘ)ဦးလှရွှေ ၁၂/အစန(နိုင်)၀၇၉၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နှင်းသက်သက်ဝေ(ဘ)ဦးမျိုးဝင်း ၇/မလန(နိုင်)၁၁၉၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နန်းဖြူဖြူခိုင်(ဘ)ဦးမြင့်နိုင် ၁၃/နခန(နိုင်)၀၇၆၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH790594)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၉၇၄၃၁၀

### ပျောက်ဆုံးကြောင်း
အောင်လံမြို့နယ်၊ မြင့်ဦးရွာနေ ဝင်းပပလှိုင်(ဘ)ဦးဌေးကို ၈/အလန(နိုင်)၂၀၄၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကလေးမြို့နယ်၊ နန်းဗဟိုရ်ရွာနေ ပွင့်ခက်ဝေ(ဘ)ဦးရာမောင် ၅/ကလထ(နိုင်)၃၃၈၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကလေးမြို့နယ်၊ နန်းဗဟိုရ်ရွာနေ တိမ်လွှာမိုး(ဘ)ဦးနေအောင်၅/ကလထ(နိုင်)၃၂၆၂၈၇ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သနပ္ပင်မြို့နယ်၊ ကလိုင်ကျေးရွာနေ မရွှေပြည်နန်း(ဘ)ဦးဆင်ဂျမ်း ၇/သနပ(နိုင်)၀၀၂၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### မွေးသက္ကရာဇ်အမှန်
ပြင်ဦးလွင်မြို့၊ အ.ထ.က(ခွဲ)၊ အ.လ.က(၁) Grade-11 မှ ပညာသင်ကြားနေသော အဘဦးရဲဦး ၉/ပဥလ(နိုင်)၀၄၂၇၁၈ ၏သမီး မယွန်းလဲ့နေခြည်၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၉-၂၀၀၉ ဖြစ်ပါကြောင်း။ ၂၃-၉-၂၀၀၉

### အမည်ပြောင်း
တောင်ကြီးမြို့၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ Grade-12(Eco) တန်းမှ ၁၃/ရစန(နိုင်)၁၃၁၄၁၆ ကိုင်ဆောင်သူ မစုပိုပိုအောင်၏အမည်မှန်မှာ မဆုပိုပိုအောင် ဖြစ်ပါကြောင်း။ မဆုပိုပိုအောင်

### အမည်မှန်
နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဆင်သေအုပ်စု၊ ဈေးကုန်းကျေးရွာနေ(ဘ)ဦးအောင်ကျော်မိုး (မိ)ဒေါ်တင်တင်ထွေးတို့၏သားအမည်မှန်မှာ မောင်တင်လင်း ၉/ပမန(နိုင်)၃၁၄၆၀၅ ဖြစ်ပါကြောင်း။ မောင်တင်လင်း






## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန်လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ရွှေတြိဂံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး **စာမျက်နှာ ၁၅ ကော်လံ ၁ ➤**

